# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# ပဉ္စမပုံမှန်အစည်းအဝေး
# (၁၇) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ အစီအစဉ်ကြေညာခြင်း | ၂ |
| ၄ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၅ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၅ |
| ၆ | (က) ငပုတောမြို့နယ်၏ နွေရာသီတွင် အဆိုးရွားဆုံးသော သောက်သုံးရေ ပြတ်လပ်မှုကို ဖူလုံစေရန် မြေသား မိုးရေလှောင်ကန်များ၊ ရေလှောင်တမံများ၊ အဝီစိစက်တွင်းများ အမြန်ဆုံး တည်ဆောက်ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၇ | (ခ) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သိမ်ကျောင်းချောင်း သစ်ဆိပ်စခန်းအနီးရှိ ရေတံခါးအမှတ်(၉) သည် ရေသွင်းရေထုတ် ကောင်းစွာမလုပ်နိုင်တော့ပါသဖြင့် ၎င်းရေတံခါးအနီးတစ်ဝိုက်တွင် ရေတံခါးအသစ်တစ်လုံးတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၀ |
| ၈ | (ဂ) လယ်ယာမြေ လုပ်ပိုင်ခွင့်ပုံစံ (၇) မရှိသော တောင်သူလယ်သမားများအား ချေးငွေများ ထုတ်ချေးပေးရန် တောင်းခံခြင်းနှင့် စပ်လျဉ်း၍ ကြို့ဝိုင်း၊ ကြို့ပြင်ကာကွယ်တော ဧရိယာအတွင်း လက်ရှိလုပ်ကိုင်နေသော တောင်သူများ၏ လယ်ယာမြေများကို စနစ်တကျစိစစ်ပြီး စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၂ |
| ၉ | (ဃ) ၂၀၀၃-၂၀၀၄ ခုနှစ်တွင် ဂရိတ်ဝေါကုမ္ပဏီက သကြားစက်ရုံ တည်ဆောက်ရန် သိမ်းယူခဲ့သော ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာအုပ်စု၊ အောင်သာယာကျေးရွာနေ တောင်သူ (၂၈) ဦး၏ လယ်ယာမြေစုစုပေါင်း ၄၂.၀၆ ဧကကို မူလမြေပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၅ |

| | | |
|---|---|---|
| ၁၀ | ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာတင်ပြခြင်း | ၁၉ |
| ၁၁ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၃၀ |
| ၁၂ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၃၅ |
| ၁၃ | ဦးမျိုးဇော်ဦး၊ လယ်ဝေးမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း | ၃၆ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈) ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၄၅ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး

# (၁၇)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၉–၆–၂၀၁၇ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမ ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးသန်းအောင်၊ ငပုတော မဲဆန္ဒနယ်၏ **ငပုတောမြို့နယ်၏ နွေရာသီတွင် အဆိုးရွားဆုံးသော သောက်သုံးရေ ပြတ်လပ်မှုကို ဖူလုံစေရန် မြေသား မိုးရေလှောင်ကန်များ၊ ရေလှောင်တမံများ၊ အဝီစိ စက်တွင်းများ အမြန်ဆုံးတည်ဆောက် ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအေးနိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ သိမ်ကျောင်းချောင်း သစ်ဆိပ်စခန်း အနီးရှိ ရေတံခါး အမှတ်(၉) သည် ရေသွင်းရေထုတ် ကောင်းစွာမလုပ်နိုင်တော့ပါသဖြင့် ၎င်းရေတံခါးအနီးတစ်ဝိုက်တွင် ရေတံခါး အသစ်တစ်လုံး တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်၏ **လယ်ယာမြေ လုပ်စားပိုင်ခွင့် ပုံစံ(၇)မရှိသော တောင်သူလယ်သမားများအား ချေးငွေများ ထုတ်ချေးပေးရန် တောင်းခံခြင်းနှင့်စပ်လျဉ်း၍ ကြို့းဝိုင်း၊ ကြို့းပြင်ကာကွယ်တော ဧရိယာအတွင်း လက်ရှိလုပ်ကိုင်နေသော တောင်သူများ၏ လယ်ယာမြေများကို စနစ်တကျစိစစ်ပြီး စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **၂၀၀၃–၂၀၀၄ ခုနှစ်တွင် ဂရိတ်ဝေါ ကုမ္ပဏီက သကြားစက်ရုံ တည်ဆောက်ရန် သိမ်းယူခဲ့သော ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာအုပ်စု၊ အောင်သာယာကျေးရွာနေ တောင်သူ (၂၈)ဦး၏ လယ်ယာမြေ စုစုပေါင်း(၄၂.၀၆)ဧကကို မူလမြေပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ခြင်းရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဘဏ္ဍာများနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၀။ ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်က တင်သွင်းသည့် **"နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များနှင့် အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြသော တောင်သူ လယ်သမားများ၏ အကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံ လုပ်ငန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးမင်းနောင်၊ ပင်လည်ဘူး မဲဆန္ဒနယ်၊

(ခ) ဦးစောသလေးစော၊ ရွှေကျင် မဲဆန္ဒနယ်၊

(ဂ) ဦးသိန်းထွန်း၊ ကျောင်းကုန်း မဲဆန္ဒနယ်၊

(ဃ) ဦးမြင့်သိန်း၊ ဝက်လက် မဲဆန္ဒနယ်၊

(င) ဦးစိန်ဝင်း၊ မအူပင် မဲဆန္ဒနယ်၊

(စ) ဦးဦးထွန်းဝင်း၊ ကျောက်တော် မဲဆန္ဒနယ်၊

(ဆ) ဒေါ်ဝင့်ဝါထွန်း၊ ရှားတော မဲဆန္ဒနယ်၊

(ဇ) ဦးထွန်းဝေ၊ ဖောင်းပြင် မဲဆန္ဒနယ်၊

၁၁။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမ ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး
# (၁၇)ရက်မြောက်နေ့ မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်**

**(၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်)**

**(တနင်္လာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ကြွရောက် နေရာယူပါသည်။

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၃၅ ဦးရှိသည့်အနက် ၃၇၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၉၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက် ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေ ထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွား မှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၅၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ များကတော့-

(၁) ဘော်လခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၅ ရက်၊

(၂) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၅ ရက်၊

(၃) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊

(၄) ဒေါပုံမဲဆန္ဒနယ်မှ ဦးဌေးဝင်း(ခ)ပြုံးချို ခွင့် ၃ ရက်၊

(၅) မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ခွင့် ၃ ရက်၊

(၆) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခင်မောင်သောင်း ခွင့် ၅ ရက်၊

(၇) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးဉာဏ်ထွန်း ခွင့် ၁ ရက်၊

(၈) မြို့သစ်မဲဆန္ဒနယ်မှ ဦးသာအောင် ခွင့် ၁ ရက်၊

(၉) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၁ ရက်၊

(၁၀) ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း ခွင့် ၁ ရက်၊

(၁၁) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၁၂) နန့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဒီလုံး ခွင့် ၁၂ ရက်၊

(၁၃) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၁ ရက်၊

(၁၄) မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့် ခွင့် ၂ ရက်၊

(၁၅) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးငြိမ်းသစ်(ခ)သောင်းထွန်း ခွင့် ၁ ရက်၊

(၁၆) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၂ ရက်၊

(၁၇) မိုးမိတ်မဲဆန္ဒနယ်မှ ဦးတိုးသောင် ခွင့် ၁ ရက်၊

(၁၈) ကျိုက်ထိုမဲဆန္ဒနယ်မှ ဒေါက်တာခင်ဆောင် ခွင့် ၁ ရက်၊

(၁၉) မုဒုံမဲဆန္ဒနယ်မှ ဦးစောထွန်း ခွင့် ၁ ရက်၊

(၂၀) ဝါးခယ်မမဲဆန္ဒနယ်မှ ဦးဇော်သိန်း ခွင့် ၁ ရက်၊

(၂၁) သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင် ခွင့် ၁ ရက်၊

(၂၂) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝေလှိုင်ထွန်း ခွင့် ၅ ရက်၊

(၂၃) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၃ ရက်၊

(၂၄) သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ခွင့် ၁ ရက်၊

(၂၅) မြိတ်မဲဆန္ဒနယ်မှ ဦးစိုးပိုင်ဌေး ခွင့် ၁ ရက်၊

(၂၆) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စိုး(ခ)မေစိုး ခွင့် ၂ ရက်၊

(၂၇) လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်း ခွင့် ၁ ရက်၊

(၂၈) အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ခွင့် ၁ ရက်၊

(၂၉) ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို ခွင့် ၁ ရက်၊

**မူကြမ်း**

(၃၀) မင်းပြားမဲဆန္ဒနယ်မှ ဦးစစ်နိုင် ခွင့် ၁ ရက်၊

(၃၁) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၅ ရက်၊

(၃၂) ပူတာအိုမဲဆန္ဒနယ်မှ ဦးမိုးရွှေ ခွင့် ၅ ရက်၊

(၃၃) ပေါက်မဲဆန္ဒနယ်မှ ဦးရဲထွန်းဝင်း ခွင့် ၁ ရက်၊

(၃၄) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင် ခွင့် ၁ ရက်၊

(၃၅) ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၃၆) မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း ခွင့် ၁ ရက်၊

(၃၇) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊

(၃၈) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၂ ရက်၊

(၃၉) ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ခွင့် ၅ ရက်၊

(၄၀) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၅ ရက်၊

(၄၁) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးဇော်မင်း ခွင့် ၁ ရက်၊

(၄၂) ကျောက်တံခါးမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၁ ရက်၊

(၄၃) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင် ခွင့် ၁ ရက်၊

(၄၄) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၅ ရက်၊

(၄၅) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးရွှေလှကြိုင် ခွင့် ၁ ရက်၊

(၄၆) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၄ ရက်၊

(၄၇) မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း ခွင့် ၄ ရက်၊

(၄၈) တွန်းဇံမဲဆန္ဒနယ်မှ ဦးခမ်ခန့်ထန် ခွင့် ၄ ရက်၊

(၄၉) ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ရှားမီး ခွင့် ၅ ရက်၊

(၅၀) ကျောက်မဲမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းအောင် ခွင့် ၅ ရက်၊

(၅၁) ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း ခွင့် ၁၂ ရက်၊

(၅၂) ရေနံချောင်းမဲဆန္ဒနယ်မှ ဦးသာချို(ခ)တင်ကြိုင် ခွင့် ၁ ရက်၊

(၅၃) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၃ ရက်၊

(၅၄) နောင်ချိုမဲဆန္ဒနယ်မှ ဦးထွန်းအောင်(ခ)ထွန်းထွန်းဟိန် ခွင့် ၅ ရက်၊

(၅၅) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးခွန်သန်းထူး ခွင့် ၁ ရက်နှင့်

(၅၆) ရှေ့ပြည်သာမဲဆန္ဒနယ်မှ ဦးဉာဏ်လင်း ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၅၆ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၅၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၇ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ငပုတောမြို့နယ်၏ နွေရာသီတွင် အဆိုးရွားဆုံးသော သောက်သုံးရေပြတ်လပ်မှုကို ဖူလုံစေရန် မြေသားမိုးရေလှောင်ကန်များ၊ ရေလှောင်တမံများ၊ အဝီစိစက်တွင်းများ အမြန်ဆုံးတည်ဆောက်ဖြည့်ဆည်းပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသန်းအောင်(ငပုတောမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ငပုတောမဲဆန္ဒနယ်ရဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင် ဖြစ်ပါတယ်။ ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ ငပုတောမြို့နယ်ရဲ့ နွေရာသီအချိန်မှာ အဆိုးရွားဆုံးသော သောက်သုံးရေပြတ်လပ်မှုကို ဖူလုံစေဖို့ အတွက် ပိုမိုကောင်းမွန်ထိရောက်သော မြေသားမိုးရေလှောင်ကန်များ၊ ရေလှောင်တမံများ၊ အဝီစိစက်တူးတွင်းများ အမြန်ဆုံးတည်ဆောက်ဖြည့်ဆည်းပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ ကျိုးကြောင်းပြပြီးတော့ ဆွေးနွေးရမယ်ဆိုရင်တော့ ငပုတောမြို့နယ်ဟာ မြန်မာနိုင်ငံရဲ့အနောက်တောင်ဘက်အစွန်းမှာတည်ရှိပြီးတော့ ဘင်္ဂလားပင်လယ်၊ ကပ္ပလီပင်လယ်၊ သက္ကယ်တောင်မြစ်၊ ငဝန်မြစ်၊ ပမ္မဝတီမြစ် စတဲ့ မြစ်ကြီးများနဲ့ ဝန်းရံကာဆီးထားတဲ့ ရေငန်တွေဝိုင်းနေတဲ့ မြို့နယ်တစ်ခုဖြစ်ပါတယ်။ ကျေးရွာအုပ်စု ၉၂ အုပ်စုစလုံးဟာလည်း မြစ်များ၊ ချောင်းများ၊ ပင်လယ်များက အစိတ်စိတ်အမွှာမွှာပိုင်းခြားထားလို့ တစ်စစီပြန့်ကျဲနေတဲ့ကျွန်းများအဖြစ်နဲ့ တည်ရှိနေကြပါတယ်။ ကြည့်လေရာ၊ မြင်လေရာ နေရာတကာမှာ မြစ်တွေ၊ ချောင်းတွေ၊ ပင်လယ်ရေပြင်အကျယ်ကြီးတွေ တည်ရှိနေပါသော်လည်း ဖောင်စီးရင်း ရေငတ်တဲ့မြို့နယ်တစ်ခု ဖြစ်ခဲ့ရပါတယ်။ နှစ်ကာလပေါင်းများစွာ ရေငတ်၊ ရေပြတ်ခဲ့တာ ယနေ့တိုင် မဖြေရှင်းနိုင်သေးတဲ့၊ မဖြည့်ဆည်းနိုင်သေးတဲ့ပြဿနာတစ်ခုအဖြစ် တည်ရှိနေခဲ့ပါတယ်။ ဘိုးဘွားများတူးဖော်ခဲ့ကြတဲ့ကန်တွေဟာလည်း အဆမတန်တိုးပွားလာတဲ့ လူဦးရေ၊ ရာသီဥတုပူနွေးခြင်း၊ ကန်တွေတိမ်ကောလာခြင်း၊ လူတစ်ဦးချင်းစီရဲ့ တစ်နေ့တာရေသုံးစွဲမှုပမာဏ မြင့်တက်လာခြင်း၊ အသစ်တူးဖော်ရန် မြေရှားပါးပြီး တန်ဖိုးကြီးမားခြင်း၊ မြေနိမ့်ဒေသတွေဖြစ်လို့ ပင်လယ်ဒီရေစိမ့်ဝင်လို့ ငါးပေခန့်တူးလျှင်ပင် ရေငန်တွေ ယိုစိမ့်ထွက်လာတတ်ခြင်း၊ အဝီစိတွင်းတူးမယ်ဆိုရင်လည်း အင်မတန်ထူထဲတဲ့ သဘာဝကျောက်လွှာကျောကြီးက

ကာဆီးထားတဲ့ အခက်အခဲများကြောင့် ရေချိုတစ်ပေါက်ရဖို့ အင်မတန်ခက်ခဲတဲ့ မြို့နယ်တစ်ခု ဖြစ်ပါတယ်။

ကျေးလက်ဦးစီးဌာနကနေပြီးတော့ ဒီအခက်အခဲတွေကို ဖြေရှင်းနိုင်ဖို့အတွက် ကန်များ၊ ရေကန်များ၊ ရေတွင်းများတူးဖော်ပေးခဲ့ပါတယ်။ ဒါပေမဲ့လည်း ရေရှားပါးမှုပြဿနာကို ယနေ့အထိ ထိရောက်စွာ ဖြေရှင်းမပေးနိုင်ခဲ့ဘူးဆိုတာကို Power Point ဖြင့် တင်ပြပါရစေ။ အားလုံးမြင်တွေ့တဲ့ အတိုင်းပါပဲ။ မတ်လက ကျွန်တော် ရိုက်ခဲ့တဲ့ဓာတ်ပုံလေးပါ။ ပေ ၁၀၀ ပတ်လည်ကန်တွေဟာ ရေလုံးဝ မရှိဘဲနဲ့ ခမ်းခြောက်နေပါတယ်။ အဲဒီလိုပဲ ကန်တွေအားလုံးဟာ မြေသားတွေပဲရှိပြီး ရေလုံးဝမရှိတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကျေးရွာတွေအနေနဲ့ ထိထိရောက်ရောက် ကျေးလက် ဦးစီးဌာနက ဖြည့်ဆည်းမှုတွေဟာ ထိရောက်မှုမရှိဘူးဆိုတာကို ပြသနေပါတယ်။ တကယ်တော့ ကျွန်တော်တို့နိုင်ငံက ရေလုံးဝရှားပါးတဲ့နိုင်ငံမဟုတ်ပါဘူး။ ရေတွေပေါလျှံအားကြီးလို့တောင်မှ ရေဘေးဒုက္ခတွေ နှစ်တိုင်းကြုံတွေနေရတဲ့တိုင်းပြည်ပါ။ ရေတွေကို ကျွန်တော်တို့ သေသေချာချာ သိုလှောင်မထားနိုင်တဲ့ ကျွန်တော်တို့ရဲ့အားနည်းချက်ကို တွေ့ရပါတယ်။ ဒီနေရာမှာ အကြံပြုချင်တာ ကတော့ ငပုတောမြို့နယ်မှာ အနောက်ဘက်ရိုးမတောင်တန်းကြီးမှာ သဘာဝလျှိုမြောင်တွေ အင်မတန် မှပေါများပါတယ်။ ပညာရှင်တွေနဲ့ စနစ်တကျသုတေသနပြုတိုင်းထွာပြီး လျှိုပိတ်ရေလှောင်တမံကြီး တွေ တည်ဆောက်နိုင်မယ်ဆိုရင်တော့ ငဝန်မြစ်ရဲ့အနောက်ဘက်ခြမ်းဒေသအတွက် သောက်သုံးရေ ဖူလုံနိုင်မှာဖြစ်ကြောင်း အကြံပြုလိုပါတယ်။ ငပုတောမြို့ပေါ်ရပ်ကွက်အတွက်ကတော့ ၁၀ ဧကကျယ် တဲ့ ကန်ကြီးကို အကြီးစားပြန်လည်ပြီးတော့ ပြုပြင်မွမ်းမံလိုက်မယ်ဆိုရင် ဖူလုံနိုင်ပါကြောင်း အကြံပြု လိုပါတယ်။ ဟိုင်းကြီးမြို့၊ ငရုတ်ကောင်းမြို့များနှင့် ကျေးရွာတွေကိုတော့ သဘာဝစိမ့်စမ်းရေထွက်တွေ ကနေပြီးတော့ စနစ်တကျသွယ်ယူပြီးတော့ သိုလှောင်ထားမယ်ဆိုရင် ရေဖူလုံနိုင်ပါကြောင်း တင်ပြလို ပါတယ်။ လူနေအသိပ်သည်းဆုံးဖြစ်တဲ့ အလယ်ကျွန်းဒေသဟာ ကြီးမားတဲ့ မြေသားမိုးရေလှောင်ကြီး တွေ လိုအပ်ပါတယ်။ ကျွန်း-၁၊ ကျွန်း-၂၊ ကျွန်း-၃ စတဲ့ တမံကြီးတွေကိုလည်း ရေငန်တွေမဝင်ရောက်နိုင် အောင် လုံခြုံတဲ့ရေထိန်းတံခါးတွေ စနစ်နဲ့ ပြောင်းလဲပြုပြင်တပ်ဆင်ပေးဖို့ အကြံပြုလိုပါတယ်။

လေးစားရပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ငပုတောမြို့နယ်သားတွေဟာ ကမ္ဘာဦးလူသားတို့ လိုအပ်ချက်အတိုင်း ရေချိုတစ်ပေါက်ကိုပဲ ရိုးရှင်းစွာတောင့်တ မျှော်မောနေကြပါတယ်။ ဒါကြောင့်မို့လို့ အဲဒီပြည်သူတွေအတွက် ရေလိုအပ်ချက်ကို ဘယ်လိုဖြည့်ဆည်းဆောင်ရွက်ပေးမလဲဆိုတာကို သိရှိလို၍ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ် ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ငပုတောမြို့နယ်အတွင်းမှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေနဲ့ ဒေသအတွင်း သောက်သုံးရေရရှိရေးကိုရည်ရွယ်ပြီးတော့ ၁၉၉၄ ခုနှစ်ကစပြီး မော်တင်ရေလှောင်တမံ သိုလှောင်ရေဂါလန်ခုနစ်သန်းရှိပါတယ်။ ၁၉၉၅ ခုနှစ်မှာ ထိပ်စွန်းရေလှောင်တမံ သိုလှောင်ရေဂါလန် ၁.၈ သန်းရှိပါတယ်။ ၁၉၉၇ ခုနှစ်မှာ ဟိုင်းကြီးရေလှောင်တမံ သိုလှောင်ဂါလန် ၂၅ သန်းရှိပါတယ်။ ၂၀၁၂ ခုနှစ်မှာ ရေကျော်ရေလှောင်တမံ သိုလှောင်ရေဂါလန် ၃၂၄ သန်းနှင့် ကျောင်းခြားရေလှောင်တမံ သိုလှောင်ရေဂါလန် ၆၅ သန်း သိုလှောင်နိုင်စွမ်းရှိတဲ့ ရေလှောင်တမံတွေကို တည်ဆောက်ပေးခဲ့ပါတယ်။

အဆိုပါရေလှောင်တမံတွေအနက် မော်တင်ရေလှောင်တမံ၊ ရေကျော်ရေလှောင်တမံနှင့် ကျောင်းခြားရေလှောင်တမတွေဟာ ဒေသခံပြည်သူလူထုအတွက် သောက်သုံးရေပေးဝေလျက်ရှိပြီး ထိပ်စွန်းရေလှောင်တမံနှင့် ဟိုင်းကြီးကျွန်းရေလှောင်တမံတွေကတော့ ဒေသမှာရှိတဲ့ လုံခြုံရေးအရ တည်ရှိတဲ့တပ်ရင်းတပ်ဖွဲ့တွေအတွက် သောက်သုံးရေပေးဝေလျက်ရှိပါတယ်။ ငပုတောမြို့နယ် ကျုံကူးဒေသမှာတည်ဆောက်ထားတဲ့ ရေကျော်နှင့်ကျောင်းခြားရေလှောင်တမံနှစ်ခုမှာ ရေကျော်တမံကနေပြီးတော့ ကျေးရွာ ၁၆ ရွာနှင့် ကျောင်းခြားတမံကနေ ကျေးရွာခြောက်ရွာကို နေ့စဉ် ၂၄ နာရီ ရေပေးဝေလျက်ရှိပါတယ်။ ပွင့်လင်းရာသီဖြစ်တဲ့ မတ်၊ ဧပြီလများတွင် တမံကရေလျော့နည်းလာပြီး ရေဖိအားမရှိတော့တဲ့အတွက် တမံနဲ့ဝေးကွာတဲ့နေရာတွေမှာ ရေလျော့နည်းမှုကြောင့် တမံပေါ်မှာ ရေတွန်းစက်များ တပ်ဆင်ပြီးမှ ရေပေးဝေနိုင်မယ့်အခြေအနေဖြစ်ပါတယ်။ ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ငါးပြေမကျေးရွာအနီး မဲခရဲချောင်းဆုံမှာ ရေလှောင်တမံ တည်ဆောက်ဖို့ရေး အတွက် ဖြစ်မြောက်နိုင်စွမ်းရှိ/မရှိ အကြိုစူးစမ်းလေ့လာမှုလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

ဖြစ်မြောက်နိုင်စွမ်းရှိပါက ဒီဇိုင်းပြုတွက်ချက်ပြီး တင်ပြဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ အခြေခံပညာဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဌာနနှင့် UNICEF တို့နှင့်ပူးပေါင်း၍ ကျေးလက်ဒေသ၊ စာသင်ကျောင်းတွေ၊ ဆေးရုံဆေးပေးခန်းများရေရရှိရေးနှင့် ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာလုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစတင်ဆောင်ရွက်လျက်ရှိတဲ့အခါမှာ ဧရာဝတီတိုင်းဒေသကြီး၊ ပေါတောမြို့နယ်အတွင်း ၂၀၁၂-၂၀၁၃ မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၇၄ ရွာမှာ မူလခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၆၀၀ ခန့်နှင့် တွင်းနက်တစ်တွင်း၊ လက်တူးတွင်း ၁၀ တွင်း၊ မြေသားမိုးရေလှောင်ကန် ၆၆ ကန်၊ အခြားရေရရှိရေးလုပ်ငန်းတစ်ခု စုစုပေါင်းရေရရှိရေးလုပ်ငန်း ၇၈ ခုကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် အထူးသီးသန့်ရန်ပုံငွေနဲ့ ကျေးရွာကိုးရွာမှာ မြေသားရေကန်ခြောက်ကန်နှင့် အခြားရေရရှိရေးလုပ်ငန်း ၁၅ ခု စုစုပေါင်း ရေရရှိရေးလုပ်ငန်း ၂၁ ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ မွမ်းမံရန်ပုံငွေကျပ် ၄၀၇ သန်းနဲ့ ကျေးရွာ ၁၂၆ ရွာမှာ တွင်းတိမ် ၃၁ တွင်း၊ တွင်းနက် ၂၅ တွင်း၊ လက်တူးတွင်းခုနစ်တွင်း၊ မြေသားရေကန် ၈၀ ကန် စုစုပေါင်း ရေရရှိရေးလုပ်ငန်း ၁၄၃ ခု၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မွမ်းမံရန်ပုံငွေနဲ့ကျေးရွာသုံးရွာမှာ မြေသားရေကန်ပြုပြင်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာလည်း မူလခွင့်ပြုရန်ပုံငွေကျပ် ၄၄ သန်းနဲ့ ကျေးရွာခုနစ်ရွာမှာ လက်တူးတွင်းလေးတွင်း၊ မြေသားရေကန်သုံးကန် စုစုပေါင်း ရေရရှိရေးလုပ်ငန်းခုနစ်ခုကို ဆောင်ရွက်ရန်လျာထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းလာတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ကျေးလက်ဒေသများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးပေးခန်းများရေရရှိရေး၊ ပတ်ဝန်းကျင်နှင့်တစ်ကိုယ်ရည်သန့်ရှင်းရေးဆိုင်ရာမဟာဗျူဟာ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်အရ ဆောင်ရွက်ရန် လိုအပ်ချက်အပေါ် ပြည်နယ်/တိုင်းဒေသကြီးများမှ ဦးစားပေးအလိုက် ရေးဆွဲတင်ပြတဲ့လုပ်ငန်းတွေကိုစိစစ်ပြီး နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာနအနေနဲ့ ပေါတောမြို့နယ်အတွင်းမှာ ရေလှောင်တမံများ တည်ဆောက်ပေးနိုင်ရေးအတွက် လတ်တလော အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သိမ်ကျောင်းချောင်း သစ်ဆိပ်စခန်းအနီးရှိ ရေတံခါးအမှတ်(၉)သည် ရေသွင်းရေထုတ်ကောင်းစွာမလုပ်နိုင်တော့ပါသဖြင့် ၎င်းရေတံခါးအနီးတစ်ဝိုက်တွင် ရေတံခါးအသစ်တစ်လုံးတည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်မှ ဦးအေးနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးနိုင်[ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင် ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သစ်ဆိပ်စခန်းအနီးရှိ ရေတံခါးအမှတ်(၉)သည် ဒဂုံမြို့သစ်(တောင်ပိုင်း)စတင်တည်ထောင်သည့် ၁၉၉၂ ခုနှစ်တွင် အိုးအိမ်ဦးစီးဌာနအပ်ငွေဖြင့် တည်ဆောက်ခဲ့သော ရေထိန်းတံခါးဖြစ်ပါတယ်။ အဆိုပါရေထိန်းတံခါးအပါအဝင် ရေထိန်းတံခါးများအား ၂၀၀၈ ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာနမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ယခုအချိန်တွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ထိန်းသိမ်းထားသည့် ရေတံခါးဖြစ်သည်ဟု အကြောင်းပြန်ကြားခဲ့ပါသည်။ ရေတံခါးအမှတ်(၉)သည် ရေတံခါးရွက်များ ၄ ပေ ၄ ပေခွဲ ခြောက်ပေါက်ရှိပြီးတော့ အုတ်ဖြင့်တည်ဆောက်ထားသည့်ရေတံခါးဖြစ်ပါသည်။ ရေတံခါးရဲ့လက်ရှိအခြေအနေမှာ တည်ဆောက်ခဲ့သည်မှာကြာမြင့်ခြင်း၊ ရေငန်နှင့်ထိတွေ့များခြင်းတို့ကြောင့် ထည့်သွင်းတည်ဆောက်ခဲ့သည့်အုတ်များ ခိုင်ခံ့မှုမရှိတော့ဘဲ ဆွေးမြည့်နေခြင်း၊ ရေတံခါးရွက်နှင့်အုတ်တို့အကြား ချိတ်ဆက်မှုမကောင်းခြင်း၊ ခိုင်ခံ့မှုအားနည်းနေခြင်းတို့ဖြစ်ပေါ်နေပါတယ်။ ရေတံခါးရွက်တွေကတော့ အသင့်အတင့်ကောင်းမွန်ကြောင်း တွေ့ရှိရပါတယ်။ သို့ဖြစ်ပါ၍ အမှတ်(၉)ရေထိန်းတံခါးမှာ ရေသွင်းရေထုတ် ကောင်းစွာမဆောင်ရွက်တော့ပါသဖြင့် ၎င်းရေတံခါးအနီးတစ်ဝိုက်တွင် ရေတံခါးအသစ်တစ်လုံး ပြန်လည်တည်ဆောက်ပေးသင့်ပါကြောင်း ဆည်မြောင်းဦးစီးဌာန အင်ဂျင်နီယာများမှ အကြံပြုတင်ပြအပ်ပါသည်။ သို့ကြောင့် ရေတံခါးအသစ်တစ်လုံးတည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်ကာလတွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါသောကြောင့် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ရဲ့ မေးခွန်းအပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဖြေကြားပေးမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ သိမ်ကျောင်းချောင်း သစ်ဆိပ်စခန်းအနီးမှာ ရှိတဲ့ ရေတံခါးအမှတ်(၉)ဟာ ခိုင်ခံ့မှုမရှိတော့အတွက်၊ ရေသွင်းရေထုတ်ကောင်းစွာ မလုပ်နိုင်တော့တဲ့ အတွက် ၎င်းရေတံခါးအနီးတစ်ဝိုက်မှာ ရေတံခါးအသစ်တစ်လုံးတည်ဆောက်ပေးဖို့နဲ့ တည်ဆောက် ပေးရန်အစီအစဉ်ရှိ/မရှိနှင့် ရှိပါကမည်သည့်အချိန်ကာလမှာ တည်ဆောက်ပေးမည်ကို သိရှိလိုပါ ကြောင်းနှင့်စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းမှာပါရှိတဲ့ သိမ်ကျောင်းချောင်း၊ သစ်ဆိပ်စခန်းအနီးမှာရှိတဲ့ ရေတံခါးအမှတ်(၉)ဟာ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော်မတီမှ ထိန်းသိမ်းထားတဲ့ရေတံခါး ဖြစ်ပါတယ်။ ၄ ပေ ၄ ပေ ခြောက်ပေါက်အရွယ်အစားရှိတဲ့ အုတ်နဲ့တည်ဆောက်ထားတဲ့ ရေတံခါးဖြစ်ပါတယ်။ ရေတံခါးရဲ့ လက်ရှိအခြေအနေကတော့ တည်ဆောက်တဲ့ကာလကြာမြင့်ခဲ့ပြီး ရေငန်နဲ့ထိတွေ့မှုများတဲ့အတွက် ကြောင့် အုတ်တွေဟာခိုင်ခံ့မှုမရှိတော့ဘဲ ဆွေးမြေ့နေပြီးတော့ ရေတံခါးရွက်နဲ့အုတ်များအကြား ချိတ်ဆက်မှုမကောင်းတော့ဘဲ ခိုင်ခံ့မှုအားနည်းနေခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ရေတံခါး အနီးတစ်ဝိုက်မှာ ရေတံခါးအသစ်တစ်လုံးတည်ဆောက်ပေးဖို့အတွက် မြို့တော်စည်ပင်သာယာရေး ကော်မတီအနေနဲ့ လက်ရှိ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေမပါရှိတဲ့အတွက် လာမယ့် နှစ်များမှာ ရန်ပုံငွေတောင်းခံပြီး ခွဲဝေရရှိမှုအရ ဆောင်ရွက်သွားမည့်အခြေအနေကို ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်ကို ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**လယ်ယာမြေလုပ်စားပိုင်ခွင့် ပုံစံ(၇)မရှိသော တောင်သူလယ်သမားများအား ချေးငွေများထုတ်ချေးပေးရန် တောင်းခံခြင်းနှင့်စပ်လျဉ်း၍ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ဧရိယာအတွင်း လက်ရှိလုပ်ကိုင်နေသော တောင်သူများ၏ လယ်ယာမြေများကို စနစ်တကျစိစစ်ပြီး စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမြင့်သိန်း(ဝက်လက်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ အကြောင်းအရာကတော့ မြန်မာနိုင်ငံမှာရှိတဲ့ တောင်သူလယ်သမားများကို စိုက်ပျိုးစရိတ်များထုတ်ချေးရာတွင် လယ်ယာမြေပိုင်ဆိုင်ခွင့်ပုံစံ(၇)မရှိသော တောင်သူလယ်သမားများကိုလည်း ချေးငွေများထုတ်ချေးပေးရန် တောင်းခံခြင်းနှင့်စပ်လျဉ်းပြီးတော့ မေးခွန်းများမေးသွားမှာဖြစ်ပါတယ်။ မေးခွန်းမေးမြန်းရခြင်းအကြောင်းအရင်းကတော့ မြန်မာနိုင်ငံရဲ့ကဏ္ဍအလိုက် မြေဧကတွေထဲမှာ သစ်တောကြိုးဝိုင်းမြေဟာ ရာခိုင်နှုန်း အများဆုံးဖြစ်ပြီးတော့ အသားတင်စိုက်ပျိုးတဲ့မြေဧရိယာဟာ ၁၇.၇ ရာခိုင်နှုန်းသာရှိပါတယ်။ သစ်တောဝန်ကြီးဌာနကနေပြီးတော့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ သတ်မှတ်ပြီးတော့ စီမံခန့်ခွဲပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ တချို့သစ်တောမြေများဟာ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အကုန်လုံးဖြစ်စေ လွန်ခဲ့သော နှစ်ပေါင်းများစွာကတည်းက အဖိုးအဖွားတောင်သူလယ်သမားများကနေပြီးတော့ စိုက်ပျိုးမြေများအဖြစ် ပြောင်းလဲထားပြီးသားဖြစ်နေပါတယ်။ သို့သော် ယင်းမြေတွေကို သစ်တောမြေအဖြစ်သာ သတ်မှတ်ထားဆဲဖြစ်ပါတယ်။ လက်ရှိတောင်သူများမှာ မြေယာပိုင်ဆိုင်ခွင့် လုံခြုံစိတ်ချမှုရှိအောင် မြေယာမှတ်ပုံတင်ပုံစံ(၇)လုပ်လို့ရပါတယ်။ မတူညီတဲ့ဝန်ကြီးဌာနများရဲ့ စီမံခန့်ခွဲမှုအောက်မှာ ရောက်ရှိနေတဲ့အတွက် လုပ်မပေးပါဘူး။ တောင်သူများမှာ ပုံစံ(၇)လည်းမရ၊ စိုက်ပျိုးစရိတ်ချေးငွေလည်းမရစသဖြင့် အခက်အခဲမျိုးစုံတွေ့ပြီးတော့ အခွင့်အရေးနှစ်ခုစလုံး ဆုံးရှုံးနေရပါတယ်။

ကျွန်တော်တို့ ဝက်လက်မြို့နယ်မှာလည်းပဲ ဧက ၂၀၀၀၀ ကျော်သတ်မှတ်ခံထားရတဲ့အတွက် တောင်သူများ များစွာနစ်နာဆုံးရှုံးရပါတယ်။ အခွင့်အရေးတစ်ခုတော့ ရသင့်ပါတယ်။ ပုံစံ(၇) ထုတ်မပေးခင် ၂၀၁၂ ခုနှစ်ထိ တစ်နိုင်ငံလုံးမှာရှိတဲ့ လယ်ယာမြေအားလုံးကို တစ်ပြေးညီချေးငွေများ ထုတ်ချေးခဲ့တဲ့အထောက်အထားတွေလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်း ကတော့ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောဧရိယာအတွင်း လက်ရှိလုပ်ကိုင်နေသော တောင်သူများရဲ့ လယ်ယာမြေများကို စနစ်တကျစိစစ်ပြီးတော့ ပုံစံတစ်မျိုးဖြင့် စိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးပေးရန်အစီအစဉ်ရှိ/မရှိသိလိုပါ၍ ပြည်သူလူထုရဲ့ကိုယ်စား ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်းရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ပြန်လည်ဖြေကြားပေးပါမယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ(က)နှင့်(ခ)တို့မှာ လယ်ယာမြေဆိုတဲ့စကားရပ်ရဲ့ အဓိပ္ပာယ်ကိုဖွင့်ဆိုထားပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ထုတ်ပေးရာမှာ လယ်ယာမြေဟု အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့ မြေအမျိုးအစားမှာပါဝင်တဲ့ စိုက်ပျိုးမြေများကိုသာ လယ်ယာမြေဥပဒေ ပုဒ်မ ၄ တွင်ဖော်ပြထားတဲ့ လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသူတွေကို ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လယ်ယာမြေစီမံခန့်ခွဲမှုအဆင့်ဆင့်ကစိစစ်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက စီမံခန့်ခွဲနေတဲ့ သစ်တော ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ထားတဲ့ မြေအမျိုးအစားမှာ စိုက်ပျိုးမြေများနှင့် စပ်လျဉ်းပြီး အဆိုပါစိုက်ပျိုးမြေများသည် လယ်ယာမြေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားတဲ့ လယ်ယာမြေ ဟူသည့်စကားရပ်နှင့် အကျုံးဝင်ခြင်းမရှိတဲ့အတွက် အဆိုပါမြေတွေကို လယ်ယာမြေလုပ်ပိုင်ခွင့်ပြု

လက်မှတ်ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးနိုင်ခြင်းမရှိတဲ့အခြေအနေဖြစ်ပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနက လယ်ယာမြေအဖြစ်အသုံးပြုနိုင်ရန် ပယ်ဖျက်ပေးမှသာလျှင် လယ်ယာမြေဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒအရ လယ်ယာမြေကိုသာလျှင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရမှာဖြစ်တဲ့အတွက် သစ်တောမြေမှ ပယ်ဖျက်ပေးခြင်းမရှိသေးတဲ့ စိုက်ပျိုးမြေတွေကို ပုံစံ(၇)ထုတ်ပေး၍မရနိုင်သေးကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ သို့ဖြစ်တဲ့အတွက် သစ်တောမြေမှ ပယ်ဖျက်ပြီးမှသာ ပုံစံ(၇)ရရှိရန် ဆောင်ရွက်ပေးသွားနိုင်မှာဖြစ်ပြီး ယင်းနှင့်စပ်လျဉ်းပြီး ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့အနေနဲ့ သစ်တောမြေ၊ စားကျက်မြေနဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေမှာ အမှန်တကယ်စိုက်ပျိုးထားရှိတဲ့ စိုက်ပျိုးမြေတွေကို တောင်သူလယ်သမားလက်ဝယ်သို့ လုပ်ထုံးထုပ်နည်းနှင့်အညီ တရားဝင်စိုက်ပျိုးခွင့်အမြန်ရရှိရေးနှင့်ပတ်သက်ပြီး သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့အသီးသီးသို့ ညွှန်ကြားထားရှိပြီးဖြစ်ပါတယ်။

စိုက်ပျိုးစရိတ်ချေးငွေနှင့်စပ်လျဉ်းပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရဲ့ ချေးငွေညွှန်ကြားစာပါ တောင်သူလယ်သမားတစ်ဦးချင်းအတွက် ချေးငွေစည်းကမ်းသတ်မှတ်ချက်တွေမှာလည်းပဲ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)နှင့်ပတ်သက်ပြီး သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ရရှိထားပြီးသူများကိုသာ သတ်မှတ်ထားပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ တောင်သူလယ်သမားတစ်ဦးချင်းရဲ့ စိုက်ပျိုးလုပ်ကိုင်တဲ့ မြေအမျိုးအစားဟာ လယ်ယာမြေလုပ်ပိုင်ခွင့်ရှိတဲ့ မြေအမျိုးအစားဟုတ်/မဟုတ်နဲ့ မည်သည့်သီးနှံအမျိုးအစားအား ဧကမည်မျှစိုက်ပျိုးသည်ဆိုသည်ကို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့ရဲ့ စိစစ်ထောက်ခံချက်များအရသာ ချေးငွေထုတ်ချေးပေးခြင်းဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက လယ်ယာမြေအဖြစ် သတ်မှတ်ခြင်းပြုနိုင်မဟုတ်တဲ့ ကြိုးဝိုင်းသစ်တောမြေ၊ ကြိုးပြင်ကာကွယ်တောမြေများအတွက် ချေးငွေထုတ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမြင့်သိန်း(ဝက်လက်မဲဆန္ဒနယ်)။** ။ ဒုတိယဝန်ကြီးခင်ဗျား။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ ခုလိုဖြေကြားပေးတဲ့အတွက် ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့လို့ ကျွန်တော်တို့ တောင်သူလယ်သမားတွေဟာ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေမပေါ်ခင်ကတည်းက သစ်တော ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောအတွင်းမှာရှိတဲ့ လယ်ယာမြေတွေကို လုပ်ကိုင်စားသောက်လာတာ လွတ်လပ်ရေးမရခင်၊ လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းကတည်းကဖြစ်ပါတယ်။ လယ်တွေ၊ ယာတွေ လုပ်ဖြစ်ပြီးတော့ ၂၀၁၂ ခုနှစ်ထိ ချေးငွေတွေလည်းထုတ်ပြီးတော့ ချေးခဲ့ပါတယ်။ ဒါကြောင့်မို့ အဲဒီ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောထဲမှာလုပ်နေတဲ့ တောင်သူတွေအနေနဲ့ အခွင့်အရေးတွေ အများကြီးဆုံးရှုံးနေပါတယ်။ ဒါကြောင့် တာဝန်ရှိတဲ့ဒုတိယဝန်ကြီးအနေနဲ့ ကျွန်တော်တို့ကို ရှေ့ဆက်ပြီးတော့ ဒီတောင်သူလယ်သမားတွေအတွက် ကိုယ်ချင်းစာပြီးတော့ ဘယ်လိုများစဉ်းစား ဆောင်ရွက်ပေးနိုင်ပါသလဲမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ။** ။ ဝန်ကြီးဌာနမှ ဖြေကြားနိုင်က ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းနဲ့စပ်လျဉ်းပြီးတော့ အကြံပြုဖြေကြားပေးပါမယ်။ သစ်တောမြေအတွင်းမှာ ပါဝင်တဲ့စိုက်ပျိုးမြေတွေဟာ အမှန်တကယ် လယ်ယာမြေဥပဒေအရ ဆိုရင်တော့ စိုက်ပျိုးမြေအဖြစ်အကျုံးဝင်ခြင်းမရှိတဲ့အတွက် ကျွန်တော်တို့ ပုံစံ(၇)ထုတ်ပေးနိုင်ခြင်း မရှိတာဖြစ်ပါတယ်။ ဒါကို သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ညှိနှိုင်းပြီး အမှန်တကယ်စိုက်ပျိုးမြေဖြစ်နေတဲ့ အခြေအနေကိုစိစစ်ရရှိတဲ့အခါမှာ သစ်တောမြေအဖြစ်က စွန့်လွှတ်ပေးနိုင်ဖို့လိုအပ်မှာဖြစ်ပါတယ်။ စွန့်လွှတ်ပေးနိုင်ပြီဆိုရင် မိမိတို့ဝန်ကြီးဌာနက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေအရ လိုအပ်တဲ့ လုပ်ထုံးလုပ်နည်းနှင့်အညီ ပုံစံ(၇)ထုတ်ပေးပြီးတော့ တောင်သူတွေလိုအပ်ချက်ရှိတဲ့ စိုက်ပျိုးစရိတ် ချေးငွေတွေကို စီမံဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်တဲ့အကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းကို အကြံပြုဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**၂၀၀၃-၂၀၀၄ ခုနှစ်တွင် ဂရိတ်ဝေါကုမ္ပဏီက သကြားစက်ရုံတည်ဆောက်ရန် သိမ်းယူခဲ့သော ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာအုပ်စု၊ အောင်သာယာကျေးရွာနေ တောင်သူ ၂၈ ဦး၏လယ်ယာ မြေစုစုပေါင်း ၄၂.၀၆ ဧကကို မူလမြေပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်း သည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ပြည်ထောင်စုဒုတိယဝန်ကြီး၊ လေ့လာရေးဧည့်သည်များနှင့် ဒီမေးခွန်းအတွက် လွှတ်တော် Channel ကိုစောင့်ကြည့်နေကြတဲ့မဲဆန္ဒရှင်ပြည်သူများအားလုံး ကျန်းကျန်းမာမာရှိကြပါစေလို့ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမှာကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်မှာ ၂၀၀၃-၂၀၀၄ ခုနှစ် ဂရိတ်ဝေါကုမ္ပဏီက သကြားစက်ရုံတည်ဆောက်ဖို့ဆိုပြီး မြတောင်ကျေးရွာအုပ်စု၊ အောင်သာယာကျေးရွာနေ တောင်သူ ၂၈ ဦးပိုင် လယ်မြေ ၄၂.၀၆ ဧကကို သိမ်းယူခဲ့တဲ့ကိစ္စနဲ့စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်မှာ ၂၀၀၃-၂၀၀၄ ခုနှစ်က သကြားစက်ရုံတည်ဆောက်ဖို့ဆိုပြီး ထီးချိုင့်မြို့နယ် အေးချမ်းဖြိုးကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မြေစာရင်းမှူး၊ ဂရိတ်ဝေါကုမ္ပဏီပိုင်ရှင် ဦးတင်မောင်တို့က မြတောင်ကျေးရွာအုပ်စု အောင်သာယာကျေးရွာ ဘုန်းတော်ကြီးကျောင်းနဲ့ နေအိမ် ၁၆ လုံး အပါအဝင် တောင်သူ ၂၈ ဦးပိုင် လယ်မြေ ၇.၂၉ ဧက၊ ယာမြေ ၁၈ ဧက၊ ကိုင်းမြေ ၁၆.၇၂ ဧက စုစုပေါင်း ၄၂.၀၆ ဧကကို သိမ်းဆည်းခဲ့ပါတယ်။ အဲဒီလိုသိမ်းဆည်းခဲ့ရာဆိုတာမှာ လယ်မြေတစ်ဧကကို ၁၅၀၀၀၀၊ ယာမြေတစ်ဧကကို ၁.၃၅ သိန်းနဲ့ပေးချေပါတယ်။ ပေးချေရာမှာလည်း သကြားစက်ရုံစီမံကိန်းလုပ်မှာဖြစ်တဲ့အတွက် ငွေမယူရင် လက်လွတ်ဆုံးရှုံးရမယ့်အခြေအနေမို့ ကျေးရွာသူ ကျေးရွာသားများအနေနဲ့ အဲဒီဈေးနှုန်းနဲ့ ငွေပမာဏကို လက်မခံချင်ဘဲ မဖြစ်မနေလက်ခံခဲ့ကြရပြီး စိုက်ပျိုးတဲ့ လယ်ယာမြေအပြင် ဘုန်းတော်ကြီးကျောင်းနှင့်နေအိမ်များကိုပါ ဖျက်ပြီးနေရာပြောင်းရွှေ့ပေးခဲ့ရတာပါ။ ပြောင်းရွှေ့ခအဖြစ် နှစ်ခန်းအိမ်တစ်အိမ်ကို ၁၅၀၀၀၀၊ သုံးခန်းအိမ်ကို ၂၀၀၀၀၀ နဲ့ ဘုန်းတော်ကြီးကျောင်းကိုတော့ ပေးချေခဲ့ခြင်းမရှိဘူးလို့ သိရပါတယ်။ ဒါပေမဲ့ အဲဒီနေရာက သကြားစက်ရုံအတွက် ရေရရှိရေး၊ ဧရာဝတီမြစ်နဲ့ဝေးတဲ့ အခက်အခဲကြောင့် စက်ရုံမတည်ဖြစ်ဘဲ အောင်သာယာကျေးရွာရဲ့အောက်ဘက် လက်ရှိတည်ထားတဲ့ မောင်းကုန်းကျေးရွာအနီးမှာပဲ တည်ဆောက်ခဲ့ပြီး အခုရာသီအချိန်အထိ လည်ပတ်နေပါတယ်။ အဆိုပါ အသိမ်းဆည်းခံတောင်သူများကလည်း နောက်ပိုင်းမှာ မိမိတို့ရဲ့လယ်ယာမြေကို ဂရိတ်ဝေါလ်အကျိုးတူထံမှ နှစ်စဉ်သီးစားခပေးပြီး အခုအချိန်အထိ စိုက်ပျိုးလာခဲ့ရပါတယ်။ ၂၀၁၄ ခုနှစ်မှာ အောင်သာယာကျေးရွာနေ ဦးခွန်မောင်လင်း

ပါ ၂၈ ဦးတို့က ၁-၅-၂၀၁၄ နေ့စွဲနဲ့ ၎င်းတို့ရဲ့လယ်ယာမြေကို ပြန်လည်ရရှိရေးအတွက် ပထမအကြိမ် အမျိုးသားလွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားအကျိုးစီးပွားမြှင့်တင်ရေးကော်မတီသို့ တိုင်ကြားခဲ့ပါတယ်။ ၎င်းကော်မတီမှ အဆိုပါစာကို လက်ခံရရှိကြောင်းနှင့် အစိုးရအဖွဲ့ရုံးသို့ ဆက်လက်ပေးပို့ခဲ့သော်လည်း အကြောင်းတစ်စုံတစ်ရာပြန်ကြားခဲ့ခြင်းမရှိကြောင်း ထို့မှတစ်ဆင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၏လမ်းညွှန်ချက်အရ တိုင်ကြားစာကိစ္စကို အမျိုးသားလွှတ်တော်မှာ ကြယ်ပွင့်မပြမေးခွန်းမေးမြန်းရာမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ အဆိုပါကော်မတီရဲ့တင်ပြစာနှင့် ပတ်သက်ပြီး ဖြေရှင်းဆောင်ရွက်ပြီးစီးမှုအခြေအနေအကြောင်းပြန်ခြင်းကို ကော်မတီဥက္ကဋ္ဌ ဦးဆွေအောင်က စာနှင့်အောက်ပါအတိုင်း ပြန်ကြားခဲ့ပါတယ်။ ဂရိတ်ဝေါလ်ကုမ္ပဏီသည် အဆိုပါ လန(၃၉)ရရှိထားသောမြေ၌ ၂၀၀၅ ခုနှစ်မှစတင်၍ သကြားစက်ရုံဆောက်လုပ်လည်ပတ်ခဲ့ပြီး လုပ်ငန်းများဆောင်ရွက်လျက်ရှိပါသဖြင့် အဆိုပါမြေအား ပြန်လည်စွန့်လွှတ်လိုမှုမရှိသည်ကို သိရှိပါ ကြောင်းဆိုပြီး ပြန်ကြားခဲ့ပါတယ်။

လေးစားအားထားရတဲ့ ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ အောင်သာယာတောင်သူများက အဆိုပါ ဖြစ်စဉ်အား ၂၀၁၆ ခုနှစ်မှာထပ်မံတင်ပြလာတဲ့အပေါ် ကျွန်တော်ကိုယ်တိုင်ကွင်းဆင်းကြည့်ရှုတဲ့ အခါမှာ ဘာစက်ရုံမှမရှိ၊ ဘာစိုက်ပျိုးထားတာမှမရှိဘဲ မြေပြင်ပကတိဖြစ်နေတာကို တွေ့ရပြီး အမျိုးသားလွှတ်တော်ကိုလည်း မှားယွင်းဖြေဆိုထားကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်ယခု မေးခွန်း ကို လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျေးရွာသူကျေးရွာသားများကိုယ်စား မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါ တယ်။

### ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ရဲ့ မေးခွန်းကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ကိုယ်စား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပေးမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာ

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာအုပ်စု၊ အောင်သာယာကျေးရွာနေ တောင်သူ ၂၈ ဦးရဲ့လယ်ယာမြေစုစုပေါင်း ၄၂.၀၆ ဧကကို ၂၀၀၃-၂၀၀၄ ခုနှစ်မှာ ဂရိတ်ဝေါလ်ကုမ္ပဏီက သကြားစက်ရုံတည်ဆောက်ဖို့ သိမ်းယူခဲ့ရာမှာ မူလမြေပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် မေးမြန်းထားတဲ့နေရာဟာ ထီးချိုင့်မြို့နယ်၊ မြတောင်ကျေးရွာအုပ်စုနှင့် ပေါက်နက်ကျေးရွာအုပ်စုမှ ကွင်းတွေဖြစ်ကြပြီးတော့ လယ်မြေ ၇.၂၉ ဧက၊ ယာမြေ ၁၈ ဧက၊ ကိုင်းမြေ ၁၆.၇၇ ဧက စုစုပေါင်းဧရိယာ ၄၂.၀၆ ဧကဖြစ်ကြောင်း သိရပါတယ်။ အဆိုပါမြေတွေကို လယ်ယာမြေနိုင်ငံပိုင်ပြုလုပ်ရေးအက်ဥပဒေပုဒ်မ ၃၉ အရ အခြားနည်းအသုံးပြုခွင့်လျှောက်ထားခဲ့ရာမှာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရဲ့ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့က လန(၃၉) ခွင့်ပြုမိန့်ပေးထားကြောင်း သိရှိရပါတယ်။

အဆိုပါမြေတွေဟာ ယခင်တောင်သူ ၁၁ ဦး ပိုင်ဆိုင်ခဲ့ကြခြင်းဖြစ်ပြီး ဒီလယ်ယာမြေ ၄၂.၀၆ ဧကကို အစိုးရဌာနအဖွဲ့အစည်းများက သိမ်းယူပေးခဲ့ခြင်းမဟုတ်ဘဲ ဂရိတ်ဝေါလ်ကုမ္ပဏီနှင့် ဒေသခံတောင်သူတွေရဲ့ နှစ်ဖက်သဘောတူကျေနပ်မှုစာချုပ်စာတမ်းများနဲ့ ခေတ်ကာလပေါက်ဈေးနှုန်း တစ်ဧက ၁၅၀၀၀၀ နှုန်း၊ ၁၃၅၀၀၀ နှုန်းနဲ့ အသီးသီးဝယ်ယူခဲ့ပြီး သကြားစက်ရုံတည်ဆောက်ရန် လန(၃၉) လျှောက်ထားခဲ့ကြောင်း သိရှိရပါတယ်။ ထိုလယ်ယာမြေတွေအနက်ကနေပြီး အောင်သာယာကျေးရွာအုပ်ချုပ်ရေးမှူး ရပ်မိရပ်ဖများနှင့် ကျေးရွာသူကျေးရွာသားတွေရဲ့ ကျေးရွာစာသင်ကျောင်းဆောက်လုပ်ဖို့တောင်းဆိုမှုကြောင့် ကုမ္ပဏီအနေနဲ့မြေဧက ၄၂.၀၆ ဧကအနက် ၂ ဧကကို ၂၀၁၂ ခုနှစ်မှာ ပြန်လည်လှူဒါန်းပေးခဲ့ကြောင်း။ ကျန်ရှိတဲ့ ဧရိယာ ၄၀ က စက်ရုံတည်ဆောက်ဖို့အတွက် လုံလောက်တဲ့မြေဧရိယာအကျယ်အဝန်းမရှိတဲ့အတွက် စက်ရုံသုံးရေ လိုအပ်မှုအခြေအနေများအရ သကြားစက်ရုံကို မောင်းကုန်းကျေးရွာအနီးမှာ တည်ဆောက်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်အရ သိရပါတယ်။

သို့ဖြစ်တဲ့အတွက် မူလက သကြားစက်ရုံတည်ဆောက်ဖို့လျာထားခဲ့တဲ့ မြေဧရိယာ ၄၀.၀၆ ဧကပေါ်မှာ ကုမ္ပဏီအနေနဲ့ ဂိုဒေါင်နှင့်ဝန်ထမ်းအိမ်ရာအတွက် ရည်ရွယ်ပြီး ၁၂၀ ပေ x ၂၄ ပေရှိ အဆောက်အဦတစ်လုံး ဆောက်လုပ်ထားပြီးတော့ ၀.၀၆၆ ဧကသာ အသုံးပြုထားပြီး ၃၉.၉၉ ဧက၊ ဧက ၄၀ ခန့်ကျန်ရှိနေကြောင်း သိရပါတယ်။ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ရရှိထားမှုအနေနဲ့

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ မတိုင်မီကိစ္စရပ်ဖြစ်သော်လည်း သတ်မှတ်ထားတဲ့နည်းလမ်းအတိုင်း အသုံးမပြုခြင်းအတွက် ယခုပြဋ္ဌာန်းထားတဲ့ ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ ၉၀၊ ၉၁၊ ၉၂၊ ၉၃ တို့နှင့်အညီ ဆောင်ရွက်သွားရမှာဖြစ်ပြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအနေနဲ့ ပြန်လည်စိစစ်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ နှစ်ပတ်လည် အစီရင်ခံစာတင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီက အစီရင်ခံစာကို တင်ပြဖို့ဖြစ်ပါတယ်။ ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွန်းနိုင်(အတွင်းရေးမှူး၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာတဲ့ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ၏ နှစ်ပတ်လည်လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအား ကော်မတီဥက္ကဋ္ဌရဲ့တာဝန်ပေးချက် အရ ကော်မတီအတွင်းရေးမှူးဖြစ်တဲ့ ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်မှ ကျွန်တော် ဦးတင်ထွန်းနိုင်က ပြည်သူ့လွှတ်တော်သို့ တင်ပြအစီရင်ခံသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၆ နှင့်အညီ ပြည်သူ့လွှတ်တော်အစည်းအဝေး ဆုံးဖြတ်ချက်တို့အရ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်၊ (၂၃/၂၀၁၆)ဖြင့် ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ကိုယ်စားလှယ် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပါတယ်။ ကော်မတီသက်တမ်း တစ်နှစ်တာကာလအတွင်း ကော်မတီဥက္ကဋ္ဌ၊ ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီအဖွဲ့ဝင်များအား အစားထိုးပြောင်းလဲတာဝန် ပေးအပ်ခြင်း၊ အဖွဲ့ဝင်သစ်များလေ့လာသူများအား ထပ်မံဖြည့်စွက်တာဝန်ပေးအပ်ခြင်းများ လုပ်ဆောင်

ခဲ့ပါတယ်။ ထိုကဲ့သို့ ပြင်ဆင်ပြောင်းလဲဖြည့်စွက်ခဲ့ခြင်းများနှင့် စပ်လျဉ်းတဲ့ အသေးစိတ်အချက်အလက်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ဖြန့်ဝေထားတဲ့အစီရင်ခံစာမှာ ဖော်ပြထားရှိပြီးဖြစ်တဲ့အတွက် အချိန်ကိုငဲ့ညှာသောအားဖြင့် ကျွန်တော့်အနေနဲ့ ဒီနေရာမှာ ထပ်မံရှင်းလင်းတင်ပြခြင်း မပြုတော့ပါဘူးခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီရင်ခံစာရဲ့ စာမျက်နှာ ၄ နဲ့ ၅ မှာ ဖော်ပြထားတဲ့ ဥပဒေ ၁၈ ခုက ပြည်သူ့လွှတ်တော်ရုံးရဲ့ ၂၀၁၆ ခုနှစ်၊ မတ်လ ၇ ရက်နေ့ရက်စွဲပါစာအမှတ်၊ ၀၅/ပသ(ကမတ)/၂၀၁၆-၀၄ အရ မိမိတို့ကော်မတီမှ တာဝန်ယူစိစစ်လေ့လာမှုများ ပြုလုပ်ခဲ့ရာမှာ ဥပဒေအများစုမှာ လတ်တလောပြင်ဆင်ပြောင်းလဲပြဋ္ဌာန်းရန် မလိုအပ်သေးကြောင်း စိစစ်တွေ့ရှိခဲ့ရပါတယ်။ ကော်မတီအနေနဲ့ ကျေးလက်နေပြည်သူအများစုနဲ့ တောင်သူလယ်သမားများအတွက် အင်မတန်အရေးပါတဲ့ မြန်မာ့စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဥပဒေ၊ န.ဝ.တ ဥပဒေအမှတ်(၃/၁၉၉၇)အား ခေတ်နှင့်လျော်ညီသောဥပဒေဖြစ်စေရန် ပညာရှင်များကိုဖိတ်ခေါ်၍ အထူးဦးစားပေးလေ့လာဆန်းစစ်မှုများ ဆောင်ရွက်ခဲ့ပါတယ်။ သို့သော် ၎င်းဥပဒေဖြင့် စည်းနှောင်ပြဋ္ဌာန်းထားသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အား ဖွဲ့စည်းပုံအပါအဝင် ဘဏ်လုပ်ငန်းမူဝါဒ အခြေခံမှစ၍ ပြုပြင်ပြောင်းလဲရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ ဆုံးဖြတ်ခဲ့ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ လိုအပ်တဲ့ပြုပြင်ပြောင်းလဲမှုများ စတင်ဆောင်ရွက်နေပြီဖြစ်တဲ့အတွက် တည်ဆဲဥပဒေအရ ပြင်ဆင်ပြဋ္ဌာန်းရန် လေ့လာစိစစ်နေမှုများအား ဆိုင်းငံ့ထားရှိခဲ့ရပါတယ်။ ကော်မတီသက်တမ်းတစ်နှစ်တာကာလအတွင်း ကော်မတီအစည်းအဝေးများကျင်းပဆောင်ရွက်မှုအနေနဲ့ ကော်မတီတွင်း အစည်းအဝေး ၁၅ ကြိမ်၊ ဘတ်ဂျက်စိစစ်ရေး ပူးပေါင်းအစည်းအဝေး သုံးကြိမ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အစည်းအဝေးသုံးကြိမ် စုစုပေါင်းအစည်းအဝေး ၂၁ ကြိမ် ကျင်းပဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံမှုအနေဖြင့် ကျွမ်းကျင်ပညာရှင်များအား လက်ခံတွေ့ဆုံမှု သုံးကြိမ်၊ ဝန်ကြီးဌာနအဖွဲ့အစည်းဝင်များနှင့်တွေ့ဆုံမှုသုံးကြိမ်၊ ပြည်ပနိုင်ငံတကာအဖွဲ့အစည်းများနှင့်တွေ့ဆုံမှု ၁၁ ကြိမ် စုစုပေါင်း ၁၇ ကြိမ် တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် မိမိတို့ကော်မတီအနေနဲ့ ဂျာမနီနိုင်ငံ ဂျာမန်ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GIZ)တို့နှင့်ပူးပေါင်းပြီး Workshop on Latest Development in Myanmar's Banking and Financial Sector ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲအား ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ဖိတ်ကြားပြီး ၂၀၁၆

ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့မှာ နေပြည်တော်၊ Kempinski Hotel ဟိုတယ်တွင် ကျင်းပပြုလုပ်နိုင်ခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေဖြင့် မိမိတို့ကော်မတီအနေနဲ့ တစ်နှစ်တာကော်မတီသက်တမ်းကာလအတွင်း ကော်မတီဆိုင်ရာလုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံ၊ အားနည်းချက်၊ အားသာချက်များကို ပြန်လည်သုံးသပ်ပြီး မိမိတို့နိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးစီးပွားနှင့် လွှတ်တော်၏ဂုဏ်သိက္ခာမြင့်မားစေရန် တတ်စွမ်းသမျှကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကတိပြုအစီရင်ခံတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ။

အစီရင်ခံစာအပြည့်အစုံမှာအောက်ပါအတိုင်းဖြစ်ပါတယ်။

**ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်၊**

**ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ**

**၁၉-၂-၂၀၁၆ မှ ၁၉-၂-၂၀၁၇ ထိ**

**တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာ**

**နိဒါန်း**

၁။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်သည် လွှတ်တော်၏ လုပ်ငန်းဆောင်တာများကို ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းလိုအပ်ချက်အရ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေနှင့်အညီ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။

၂။ ကော်မတီဖွဲ့စည်းခဲ့သည်မှာ ၁၈-၂-၂၀၁၇ ရက်နေ့တွင် တစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည့်အတွက် တစ်နှစ်တာကာလအတွင်း ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို သိရှိနိုင်ပါရန် အစီရင်ခံစာရေးသားပြုစုတင်ပြအပ်ပါသည်။

**ရည်ရွယ်ချက်**

၃။ ဒုတိယအကြိမ်၊ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုသိရှိပြီး လိုအပ်ချက်များကို လမ်းညွှန်မှုပြုနိုင်ပါရန်။

**ဖွဲ့စည်းခြင်း**

၄။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ပြည်သူ့လွှတ်တော်အစည်းအဝေးဆုံးဖြတ်ချက်အရ ၁၉-၂-၂၀၁၆ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၆)ဖြင့် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းခဲ့ပါသည်။

၅။ ၂၀၁၆ ခုနှစ်၊ မတ်လ ၇ ရက် ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၃၉/၂၀၁၆) ဖြင့် ဦးစိုးမြင့်(ပင်းတယမဲဆန္ဒနယ်)အစား၊ ဦးအောင်စိုး(ယင်းမာပင်မဲဆန္ဒနယ်)၊ ဦးကံမြင့်(သရက်မဲဆန္ဒနယ်)အစား ဦးရဲထွန်းဝင်း(ပေါက်မဲဆန္ဒနယ်)အား ပြောင်းလဲအစားထိုးခဲ့ပါသည်။

၆။ မူလဖွဲ့စည်းစဉ်က လှိုင်သာယာမဲဆန္ဒနယ်မှ ဒေါက်တာသန်းမြင့်က ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ခဲ့သော်လည်း ဒေါက်တာသန်းမြင့်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်ထားခြင်းခံရသဖြင့် ၂၀၁၆ ခုနှစ်၊ မေလ ၃ ရက်နေ့ ပြည်သူ့လွှတ်တော်ရုံး အမိန့်ကြော်ငြာစာအမှတ် (၅၇/၂၀၁၆)ဖြင့် ဒေါ်ခင်စန်းလှိုင်၊ ပုလဲမဲဆန္ဒနယ်အား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးတင်ထွန်းနိုင်(ဆိပ်ကြီး/ခနောင်တိုမဲဆန္ဒနယ်)အား အတွင်းရေးမှူးအဖြစ်လည်းကောင်း ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

ကော်မတီဝင်များမှာ

| | | | |
|---|---|---|---|
| (က) | ဒေါ်ခင်စန်းလှိုင် | ပုလဲမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်စိုး | ယင်းမာပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာသက်သက်ခိုင် | ဒဂုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးအောင်နိုင် | ကျုံပျော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးမျိုးဇော်ဦး | လယ်ဝေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါ်ချိုချို | အုတ်တွင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဆ) | ဦးရဲထွန်းဝင်း | ပေါက်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဇ) | ဦးသက်နိုင်ဦး | ရေဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးခွန်အောင်ကျော် | ဟိုပုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးဦးလှစော | မြောက်ဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းထွန်းအောင် | ကျောက်မဲ | အဖွဲ့ဝင် |
| (ဌ) | ဦးသောင်းအေး | ပျော်ဘွယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးသန်းစိုး | သာစည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးချုပ်တင်စိုး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးတင်ထွန်းနိုင် | ဆိပ်ကြီး/ခနောင်တို | အတွင်းရေးမှူး |

၇။ ပြည်သူ့လွှတ်တော်သည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်တွင် အမိန့်အမှတ်(၁/၂၀၁၇) ဖြင့် ကြည်း ၁၉၅၄၆ ဗိုလ်မှူးကြီးမြင့်ချို၊ ကြည်း ၂၀၇၈၄ ဒုတိယဗိုလ်မှူးကြီးမျိုးဝင်းလှိုင်တို့ကို ကော်မတီ၏ လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

၈။ ပြည်သူ့လွှတ်တော်သည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇)ဖြင့် လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင်၊ ဝန်းသိုမဲဆန္ဒနယ်မှ ဦးနေစိုးအောင် တို့အား ကော်မတီ၏ အဖွဲ့ဝင်များအဖြစ် ထပ်မံဖြည့်စွက်ပြီး တာဝန်ပေးအပ်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဒေါ်ခင်စန်းလှိုင် | ပုလဲမဲဆန္ဒနယ် | ဥက္ကဋ္ဌ |
| (ခ) | ဦးအောင်စိုး | ယင်းမာပင်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဂ) | ဒေါက်တာသက်သက်ခိုင် | ဒဂုံမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဃ) | ဦးစိုးအောင်နိုင် | ကျုံပျော်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (င) | ဦးမျိုးဇော်ဦး | လယ်ဝေးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (စ) | ဒေါ်ချိုချို | အုတ်တွင်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဆ) | ဦးရဲထွန်းဝင်း | ပေါက်မဲဆန္ဒနယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ဇ) | ဦးသက်နိုင်ဦး | ရေဖြူမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဈ) | ဦးခွန်အောင်ကျော် | ဟိုပုန်းမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ည) | ဦးဦးလှစော | မြောက်ဦးမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဋ) | ဦးစိုင်းထွန်းအောင် | ကျောက်မဲ | အဖွဲ့ဝင် |
| (ဌ) | ဦးသောင်းအေး | ပျော်ဘွယ်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဍ) | ဦးသန်းစိုး | သာစည်မဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးချုပ်တင်စိုး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဒေါ်ခင်မို့မို့အောင် | လသာမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (တ) | ဦးနေစိုးအောင် | ဝန်းသိုမဲဆန္ဒနယ် | အဖွဲ့ဝင် |
| (ထ) | ဦးတင်ထွန်းနိုင် | ဆိပ်ကြီး/ခနောင်တို | အတွင်းရေးမှူး |
| (ဒ) | ဗိုလ်မှူးကြီးမြင့်ချို | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ |
| (ဓ) | ဒုတိယဗိုလ်မှူးကြီး မျိုးဝင်းလှိုင် | တပ်မတော်သားကိုယ်စားလှယ် | လေ့လာသူ |

**ကော်မတီ၏သက်တမ်း**

၉။ ကော်မတီ၏ သက်တမ်းမှာ စတင်ဖွဲ့စည်းသည့်နေ့မှစ၍ တစ်နှစ်သတ်မှတ်ထားပါသည်။

**ကော်မတီတာဝန်များ**

၁၀။ ကော်မတီ၏တာဝန်များမှာ

(က) ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(ခ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများကို လေ့လာ၍ ပယ်ဖျက်ရန်၊ ပြင်ဆင်ရန် အသစ်ပြဋ္ဌာန်းရန်များတွေ့ရှိက လွှတ်တော်သို့ တင်ပြရမည်။

(ဂ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိ ကူညီရမည်။

(ဃ) သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာနအဖွဲ့အစည်းများနှင့် ဆက်စပ်လျှက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

**ဆောင်ရွက်ရမည့် ဥပဒေများ**

၁၁။ ပြည်သူ့လွှတ်တော်ရုံးသည် ၇-၃-၂၀၁၆ ရက်စွဲပါစာအမှတ်၊ ၀၅/ပသ(ကမတ)/၂၀၁၆-၀၄ ဖြင့် မိမိတို့ကော်မတီမှ တာဝန်ယူဆောင်ရွက်ရမည့်ဥပဒေများကို အောက်ပါအတိုင်း သတ်မှတ်ပေးခဲ့ပါသည်-

(က) The Money Lenders Act, 1945

(Myanmar Act 27, 1945, Vol X)

(ခ) ဗိုလ်ချုပ်ရန်ပုံငွေ အက်ဥပဒေ

(ဥပဒေအမှတ် ၅၇၊၁၉၄၈ခုနှစ်၊အတွဲ-၉)

(ဂ) အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နှင့် ဘဏ်အဖွဲ့

(International Monetary Fund and Bank) အက်ဥပဒေ

(ဥပဒေအမှတ်၃၇၊ ၁၉၅၁ခုနှစ်၊ အတွဲ - ၃)

(ဃ) ၁၉၅၆ ခုနှစ်အပြည်ပြည်ဆိုင်ရာ ဘဏ္ဍာရေး ကော်ပိုရေးရှင်း သဘောတူစာချုပ် အက်ဥပဒေ (ဥပဒေအမှတ် ၂၃၊ ၁၉၅၆ခုနှစ်)

(င) အပြည်ပြည်ဆိုင်ရာကြီးပွားရေးအဖွဲ့ဥပဒေ (ဥပဒေအမှတ် ၃၁၊ ၁၉၆၂ခုနှစ်)

(စ) ၁၉၇၃ခုနှစ်၊အာရှဖွံ့ဖြိုးရေးဘဏ်အက်ဥပဒေ (ဥပဒေအမှတ် ၃၊ ၁၉၇၃ခုနှစ်)

(ဆ) မြန်မာ့အာမခံဥပဒေ(နဝတဥပဒေအမှတ် ၁၀/၁၉၉၃)

(ဇ) မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဥပဒေ

(နဝတ ဥပဒေအမှတ် ၃/၁၉၉၇)

(ဈ) အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးလိုအပ်သော အသုံးစရိတ်ဆိုင်ရာ အထူး ရန်ပုံငွေဥပဒေ(နယကဥပဒေအမှတ် ၁၀/၂၀၁၁)

(ည) အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ(ပထစဥပဒေအမှတ် ၁၃/၂၀၁၁)

(ဋ) မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေ (ပထစဥပဒေအမှတ် ၁၆/၂၀၁၃)

(ဌ) ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ

(ပထစဥပဒေအမှတ် ၂၀/၂၀၁၃)

(ဍ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေ (ပထစဥပဒေအမှတ် ၄၂/၂၀၁၅)

(ဎ) နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကိုပြင်ဆင်သည့်ဥပဒေ

(ပထစဥပဒေအမှတ် ၆၄/၂၀၁၅)

(ဏ) အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပထစဥပဒေအမှတ် ၆၉/ ၂၀၁၅)

(တ) ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(ပထစဥပဒေအမှတ် ၇၀/၂၀၁၅)

(ထ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ(ပထစဥပဒေအမှတ် ၂/၂၀၁၆)

(ဒ) ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ(ပထစဥပဒေအမှတ်၂၀/၂၀၁၆)

**ကော်မတီအစည်းအဝေးများကျင်းပဆောင်ရွက်မှု**

**မူကြမ်း**

၁၂။ ကော်မတီသည် စတင်ဖွဲ့စည်းသည့် ၁၉-၂-၂၀၁၆ ရက်နေ့မှ ၁၉-၂-၂၀၁၇ ရက်ထိ ကော်မတီတွင်း အစည်းအဝေး ၁၅ ကြိမ်၊ ဘတ်ဂျက်စိစစ်ရေးပူးပေါင်းအဖွဲ့(၆) အစည်းအဝေး ၃ ကြိမ်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်အစည်းအဝေး ၃ ကြိမ်၊ စုစုပေါင်း ၂၁ ကြိမ် ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၃။ ကော်မတီသက်တမ်း တစ်နှစ်တာကာလအတွင်း "မြန်မာ့စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေးဘဏ်ဥပဒေ (နဝတ ဥပဒေအမှတ် ၃/ ၁၉၉၇)" အား ခေတ်နှင့်လျော်ညီသော ဥပဒေဖြစ်စေရန် ပညာရှင်များကို ဖိတ်ခေါ်၍ လေ့လာဆန်းစစ်မှုများ ပြုလုပ်နိုင်ခဲ့ပါသည်။

၁၄။ သို့သော် ၎င်းဥပဒေဖြင့် စည်းနှောင်ပြဋ္ဌာန်းထားသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အား ဖွဲ့စည်းပုံအပါအဝင် ဘဏ်လုပ်ငန်းမူဝါဒအခြေခံမှစ၍ ပြုပြင်ပြောင်းလဲရန် ပြည်ထောင်စုအစိုးရအဖွဲ့မှ ဆုံးဖြတ်ခဲ့သောကြောင့် တည်ဆဲဥပဒေအား လတ်တလော ပြုပြင်ပြဋ္ဌာန်းရန် မလိုအပ်ပါကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၅။ ဘတ်ဂျက်စိစစ်ရေးပူးပေါင်းအဖွဲ့(၆)တွင် မိမိတို့ကော်မတီမှ ဥက္ကဋ္ဌ၊ ဒေါ်ခင်စန်းလှိုင်၊ အတွင်းရေးမှူး၊ ဦးတင်ထွန်းနိုင်၊ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်စိုး၊ ဦးစိုးအောင်နိုင်၊ ဦးသန်းစိုး၊ ဦးခွန်အောင်ကျော်နှင့် ဗိုလ်မှူးချုပ်တင်စိုးတို့ ပါဝင်ခဲ့ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် ရငွေသုံးငွေများအား စိစစ်ဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။

## ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် တွေ့ဆုံမှု

၁၆။ ကော်မတီသည် ပြင်ပမှ ကျွမ်းကျင်ပညာရှင်များနှင့် လက်ခံတွေ့ဆုံဆွေးနွေးမှု ၃ ကြိမ်၊ သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှု ၃ ကြိမ်၊ ပြည်ပအဖွဲ့အစည်းများနှင့် တွေ့ဆုံမှု ၁၁ ကြိမ် စုစုပေါင်း ၁၇ ကြိမ် ကျင်းပဆောင်ရွက်နိုင်ခဲ့ပါသည်။ နောက်ဆက်တွဲ(က)

၁၇။ ကော်မတီသည် ပြင်ပမှ ဘဏ်နှင့်ငွေရေးကြေးရေးနှင့် သက်ဆိုင်သော ကျွမ်းကျင် ပညာရှင်များဖြစ်ကြသည့် ဦးစိုးဝင်း၊ ဦးမျိုးမြင့်၊ ဒေါ်ရင်ရင်မြ တို့အား ၂၈-၇-၂၀၁၆ ရက်၊ နေ့လယ် ၁ နာရီချိန်တွင်

ရေးရာဆောင် (I-7) အပေါ်ထပ်သို့ ဖိတ်ကြားပြီး ဘဏ်လုပ်ငန်းနှင့် ငွေရေးကြေးရေးနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို သိရှိနိုင်ရန်အတွက် ဆွေးနွေးပွဲကို ပြုလုပ်နိုင်ခဲ့ပါသည်။

၁၈။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် မိမိတို့ကော်မတီနှင့် ဂျာမနီနိုင်ငံ၊ ဂျာမန်ဖွံ့ဖြိုးမှု ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(GIZ) နှင့် ပူးပေါင်း၍ Kempinski Hotel တွင် " Workshop on Latest Development in Myanmar's Banking and Financial Sector" ကို ပြည်သူ့လွှတ်တော်မှ ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်များအား ဖိတ်ကြားပြီး ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လွှတ်တော်တွင်းမေးခွန်းများ မေးမြန်းဆောင်ရွက်မှု**

၁၉။ ကော်မတီဝင်များသည် ဒုတိယအကြိမ်ပြည်သူ့လွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ စတုတ္ထပုံမှန်အစည်းအဝေးထိ ကြယ်ပွင့်ပြမေးခွန်း ၂၀ ခု မေးမြန်းနိုင်ပြီး၊ အဆို ၃ ခု တင်သွင်းနိုင်ခဲ့ ပါသည်။

**ပြည်ပခရီးသွားရောက်မှု**

၂၀။ ကော်မတီမှ ကော်မတီဝင် ၄ ဦးသည် ပြည်ပခရီး ၄ ကြိမ် သွားရောက်ခဲ့ပါသည်-

| စဉ် | အမည် | မဲဆန္ဒနယ် | နိုင်ငံ | အကြောင်းအရာ | ကာလ |
|---|---|---|---|---|---|
| ၁။ | ဒေါ်ခင်စန်းလှိုင် | ပုလဲ | အင်ဒိုနီးရှား | အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့၌ ကျင်းပ ပြုလုပ်ခဲ့သော Develop ment Effectiveness to Implement the SDGs အလုပ်ရုံ ဆွေးနွေးပွဲသို့ သွားရောက်ခြင်း | ၃၀.၈.၂၀၁၆ မှ ၃၁.၈.၂၀၁၆ ထိ |
| ၂။ | ဒေါက်တာ | ဒဂုံ | အိန္ဒိယ | အိန္ဒိယနိုင်ငံတွင် ကျင်းပမည့် | ၂.၇.၂၀၁၆ |

| | | | | | |
|---|---|---|---|---|---|
| | သက်သက်ခိုင် | | | Grassroots Women Economic Empowerment Program | မှ ၁၀.၇.၂၀၁၆ ထိ |
| ၃။ | ဒေါ်ချိုချို | အုတ်တွင်း | အီတလီ | အီတလီနိုင်ငံတွင် ကျင်းပမည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် အကြီးတန်းအရာရှိများအတွက် လေ့လာရေးနှင့် စွမ်းရည်မြှင့်တင်မှု အစီအစဉ်သို့ သွားရောက်ခြင်း | ၁၀.၁၀.၂၀၁၆ မှ ၂၀.၁၀.၂၀၁၆ ထိ |
| ၄။ | ဦးဦးလှစော | မြောက်ဦး | အင်ဒိုနီးရှား | အင်ဒိုနီးရှားနိုင်ငံ (Commercial Violence in a time of Demo cratic Transition လေ့လာရေး | ၂၂-၁-၂၀၁၇ မှ ၂၉-၂-၂၀၁၇ |

**Workshop, Seminar, Training တက်ရောက်မှု**

၂၁။ ကော်မတီဝင်များသည် ပြည်တွင်း၌ကျင်းပပြုလုပ်သော အခမ်းအနား၊ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်ခဲ့ကြပါသည်။ တက်ရောက်ခဲ့မှုအခြေအနေအသေးစိတ်ကို နောက်ဆက်တွဲ (ခ) ဖြင့် တင်ပြအပ်ပါသည်။

## ရုံးအဖွဲ့၏ အထောက်အကူပြုနိုင်မှု

၂၂။ ရုံးအဖွဲ့၏ လက်ရှိဝန်ထမ်းအင်အားမှာ အရာထမ်း(၁)ဦး၊ အမှုထမ်း (၇)ဦး စုစုပေါင်း (၈)ဦးဖြင့် ကော်မတီလုပ်ငန်းများကို ဆောင်ရွက်လျှက်ရှိပါသည်။

၂၃။ ရုံးအဖွဲ့သည် အစည်းအဝေးများ စီစဉ်ခြင်း၊ ဧည့်သည်များဖိတ်ကြားခြင်း၊ ဥပဒေ၊ နည်းဥပဒေနှင့် အထောက်အကူပြုစာရွက်စာတမ်းများ စုဆောင်းဖြန့်ဝေခြင်း၊ အစည်းအဝေးမှတ်တမ်းများ

ပြုစုခြင်း၊ တိုင်ကြားစာ၊ တင်ပြစာ၊ ဖိတ်ကြားစာများကို လက်ခံခြင်း၊ အစီရင်ခံစာ၊ တင်ပြစာ၊ ပြန်ကြားစာများ တင်ပြပေးပို့နိုင်ရေးဆောင်ရွက်ခြင်း၊ လွှတ်တော်ဆိုင်ရာ လုပ်ထုံးလုပ်နည်း အကြံဉာဏ်များပေးခြင်း၊ ကော်မတီဝင်များ၏ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များကို ပြည်သူ့လွှတ်တော်ရုံးနှင့် ညှိနှိုင်းဆက်သွယ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

**နိဂုံး**

၂၄။ ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များသည် တစ်နှစ်တာ ကော်မတီသက်တမ်းကာလအတွင်း ကော်မတီဆိုင်ရာလုပ်ငန်းဆောင်တာအတွေ့အကြုံများကို ပြန်လည်သုံးသပ်ပြီး ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုအကျိုးစီးပွားနှင့် ပြည်သူ့လွှတ်တော်၏ဂုဏ်သိက္ခာမြင့်မားစေရန်၊ Capacity Building သင်တန်းများတက်ရောက်၍ဖြစ်စေ၊ တတ်စွမ်းသမျှ ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

## ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၂၀-၆-၂၀၁၇ ရက်နေ့(အင်္ဂါနေ့) ညနေ ၄ နာရီနောက်ဆုံး ထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့တင်ပြခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့တဲ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး ပြန်လည်ပေးပို့လာတဲ့အတွက် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ ၈-၆-၂၀၁၇ ရက်နေ့တွင် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၃ နည်းဥပဒေခွဲ(က)အရ လွှတ်တော်သို့အသိပေး၍ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာရေးသားဖော်ပြ၍ ၁၂-၆-၂၀၁၇ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးသွင်းရန်တောင်းခံခဲ့ရာ ကိုယ်စားလှယ်လေးဦးတို့က အမည်စာရင်းတင်သွင်းလာပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ်ပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် တစ်ချက်ကို သဘောတူသင့်ကြောင်းနှင့် ရှစ်ချက်နှင့်စပ်လျဉ်းပြီး သဘောကွဲလွဲကြောင်း တင်ပြလာပါတယ်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်တစ်ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီရဲ့ အဖွဲ့ဝင် ဦးဇော်ဝင်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ စိစစ်တွေ့ရှိချက်ကို တင်ပြသွားမှာပဲ ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ဖြစ်သည့် ၇-၃-၂၀၁၇ ရက်နေ့တွင်

ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ၅-၆-၂၀၁၇ ရက်နေ့၌ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၁)ရက်မြောက်နေ့ဖြစ်သည့် ၈-၆-၂၀၁၇ ရက်တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ပြင်ဆင်ချက်အဆိုများကို ၁၂-၆-၂၀၁၇ ရက်နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် အောက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်များမှ ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။ ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)၊ ဦးခင်မောင်လတ်(မြန်အောင်မဲဆန္ဒနယ်)၊ ဒေါ်ဝင့်ဝါထွန်း(ရွားတောမဲဆန္ဒနယ်)၊ ဒေါ်သန္တာ(အိမ်မဲမဲဆန္ဒနယ်)။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော် ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီသည် ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၆-၆-၂၀၁၇ ရက်(သောကြာနေ့)တွင် ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းညှိနှိုင်းအစည်းအဝေး၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုခဲ့သည့် ဥပဒေခေါင်းစီးကို သဘောတူလက်ခံသောကြောင့် လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက် (၁)ချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီက သဘောတူသင့်ကြောင်း တင်ပြသွားတဲ့အချက်(၁)ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း သဘောတူကြောင်းနှင့် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။ (ဩဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအပေါ် သဘောမတူတဲ့အချက် (၅)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်များအရ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူညီသည့်အချက် (၅)ချက်ကို လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြု ချက်အတိုင်း ထားရှိမည့်အချက် (၅)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

[အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း သဘောတူညီသည့်အချက်(၅)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၂ မှ ၄ | ၃ မှ ၆ | အပိုဒ် ၄ အပိုဒ်ခွဲ(ခ) {ပုဒ်မ ၄ ပုဒ်မခွဲ(င)ကို ပြင်ဆင်ခြင်း}၊ အပိုဒ် ၅ အပိုဒ်ခွဲ(က) {ပုဒ်မ ၅ ပုဒ်မခွဲ (ဃ)ကိုပြင်ဆင်ခြင်း}၊ အပိုဒ် ၅ အပိုဒ်ခွဲ(ဃ) {ပုဒ်မ ၅ |

| | | | |
|---|---|---|---|
| | | | ပုဒ်မခွဲ(ဃ)ကိုပြင်ဆင်ခြင်း}၊ အပိုဒ် ၆ အပိုဒ်ခွဲ(က) {ပုဒ်မ ၆ ပုဒ်မခွဲ(က)ကိုပြင်ဆင်ခြင်း} |
| (ခ) | ၇ | ၉ | အပိုဒ် ၈ {ပုဒ်မ ၁၅ ပုဒ်မခွဲ(က)ကိုပြင်ဆင်ခြင်း} |

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ငါးချက်ကို သဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုထားသည့်အတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် (၅)ချက်ကိုသဘောမတူဘဲ ပြည်သူ့လွှတ်တော်၏ ယခင်အတည်ပြုချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက် (၃)ချက်ကို တင်ပြဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးဇော်ဝင်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေးရဲ့ သဘောတူဆုံးဖြတ်ချက်အရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ထပ်မံပြင်ဆင်ရန် တင်ပြချက် (၃)ချက်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ရန်တင်ပြချက်(၃)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့် အပိုဒ်ခွဲ |
|---|---|---|---|

| | | | |
|---|---|---|---|
| (က) | ၁ | ၂ | အပိုဒ် ၂ အပိုဒ်ခွဲ(က) {ပုဒ်မ ၂ ပုဒ်မခွဲ(ခ)ကို ပြင်ဆင်ခြင်း} |
| (ခ) | ၅ | ၇ | အပိုဒ် ၆ အပိုဒ်ခွဲ(ဂ) {ပုဒ်မ ၆ ပုဒ်မခွဲ(ဆ)ကိုပြင်ဆင်ခြင်း} |
| (ဂ) | ၆ | ၈ | အပိုဒ် ၆ အပိုဒ်ခွဲ(ဃ) {ပုဒ်မ ၆ ပုဒ်မခွဲ(ဆ) နောက်တွင် ပုဒ်မခွဲ(ဆ-၁)အဖြစ် ဖြည့်စွက်ခြင်း} |

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်က ထပ်မံပြင်ဆင်ရန်တင်ပြချက် (၃)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၃)ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အတိုင်း သဘောမတူဘဲ ဥပဒေကြမ်းကော်မတီ၏ထပ်မံပြင်ဆင်ချက်အတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် (၃)ချက်ကို သဘောမတူဘဲ ဥပဒေကြမ်းကော်မတီ၏ ထပ်မံပြင်ဆင်ချက်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော် နှစ်ရပ်သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအနက် ရှစ်ချက်ကို သဘောမတူကြောင်း လွှတ်တော်က အတည်ပြုပြီး ဖြစ်ပါတယ်။ ဒါကြောင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ထိုသို့သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်းအဆိုကို တင်သွင်းရန်ဖြစ်တဲ့အတွက် အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ဖြစ်သည့် ၇-၃-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီးနောက် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှ ၅-၆-၂၀၁၇ ရက်နေ့တွင် ပြည်သူ့လွှတ်တော်၏အတည်ပြုချက်များအပေါ် ပြင်ဆင်ချက်များဖြင့် သဘောတူပါကြောင်း ပြန်လည်ပေးပို့လာခဲ့ပါတယ်။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်များဖြင့် ပေးပို့လာသည့် ပြင်ဆင်ချက်များအနက် ပြည်သူ့လွှတ်တော်၏အတည်ပြုချက် (၅)ချက်နှင့် ထပ်မံပြင်ဆင်ရန်တင်ပြချက်(၃)ချက် စုစုပေါင်း (၈)ချက်တို့သည် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောထားကွဲလွဲခဲ့ကြပါတယ်။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့၏သဘောထားကွဲလွဲသည့်အချက်(၈)ချက်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အဆုံးအဖြတ်ရယူသင့်ပါကြောင်း၊ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က)အရ ပြည်သူ့လွှတ်တော်သို့ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တင်ပြခဲ့တဲ့ (၈)ချက်နှင့် ပတ်သက်၍ သဘောကွဲလွဲခြင်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်

ကြောင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူပါမယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၌ ပြန်လည် ဆွေးနွေးခဲ့ရာတွင် သဘောကွဲလွဲသည့် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက် (၈)ချက်ကို ပြည်ထောင်စု လွှတ်တော်သို့ တင်ပြရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၅ နည်းဥပဒေခွဲ(က) နှင့် နည်းဥပဒေခွဲ(ခ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးမျိုးဇော်ဦး၊ လယ်ဝေးမဲဆန္ဒနယ်က တင်သွင်းသည့် နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ် များနှင့် အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြသော တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံလုပ်ငန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးမျိုးဇော်ဦး၊ လယ်ဝေး မဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့(၁၂-၆- ၂၀၁၇ ရက်နေ့)တွင် တင်သွင်းသွားတဲ့ နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်များနှင့် အင်းဆက်ပိုးမွှား များကြောင့် နစ်နာဆုံးရှုံးနေကြသော တောင်သူလယ်သမားများ၏အကျိုးစီးပွားအတွက် အာမခံချက် ရှိစေမည့် သီးနှံအာမခံလုပ်ငန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ဆောင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၇၀ အရ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့် ကိုယ်စားလှယ် ရှစ်ဦးရှိပါတယ်။ ပထမဦးစွာ ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးမင်းနောင် ဆွေးနွေးဖို့ ဖြစ်ပါ တယ်။

**ဦးမင်းနောင်(ပင်လည်ဘူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမင်းနောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ လယ်ဝေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးရဲ့ နိုင်ငံတစ်ဝန်း သဘာဝဘေးအန္တရာယ်နှင့် အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးနေကြသော တောင်သူလယ်သမားများ၏အကျိုးစီးပွားအတွက် အာမခံချက်ရှိစေမည့် သီးနှံအာမခံလုပ်ငန်းများ ဆောလျင်စွာအကောင်အထည်ဖော်ဆောင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံလူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းဟာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမှာ လုပ်ကိုင်အသက်မွေးကြတဲ့သူများဖြစ်တဲ့အတွက် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဟာ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအရေးကြီးလှပါတယ်။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့နှစ်ကာလများကို ပြန်ကြည့်ရင် ကျွန်တော်တို့အစိုးရဟာ သဘာဝဘေးအန္တရာယ်နှင့် အင်းဆက်ပိုးမွှားများကြောင့် ပျက်စီးဆုံးရှုံးသွားတဲ့ တောင်သူများရဲ့နစ်နာမှုများကို ပြန်လည်ထောက်ပံ့ပေးနေတာ မြင်တွေ့ကြားသိနေရပါတယ်။ အစိုးရတစ်ရပ်အနေနဲ့ ဒီလိုထောက်ပံ့နေရတာဟာ ကျွန်တော်တို့လို ဖွံ့ဖြိုးဆဲတိုင်းပြည်များအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေနိုင်ပါတယ်။ ယခုအခါမှာ တောင်သူအများစုဟာ စိုက်ပျိုးစရိတ်ချေးငွေနဲ့သာ သီးနှံတွေကို စိုက်ပျိုးနေခဲ့ကြတာဖြစ်ပါတယ်။ သီးနှံများစိုက်ပျိုးပြီးခါမှ သဘာဝဘေးတွေကြောင့် သီးနှံတွေပျက်စီးဆုံးရှုံးပြီဆိုရင် တောင်သူတွေမှာ စိုက်ပျိုးရေးအတွက် ချေးထားတဲ့ငွေကို ပြန်ဆပ်ဖို့လည်း ပူပန်ရ၊ စားဝတ်နေရေးလည်း ပူပန်ရနဲ့ ဒုက္ခပင်လယ်ဝေနေကြရတာ အားလုံးအသိပဲဖြစ်ပါတယ်။ အဲဒီလို သီးနှံအာမခံထားခြင်းလုပ်ငန်းပေါ်ပေါက်လာတဲ့အခါ တောင်သူတွေကလည်း မိမိတို့စိုက်ပျိုးထားတဲ့သီးနှံဧကအလိုက် အာမခံကြေးတင်ထားကြမယ်ဆိုရင် သဘာဝဘေးတွေကြောင့် သီးနှံများပျက်စီးဆုံးရှုံးတာနဲ့တစ်ပြိုင်နက် အာမခံငွေကြေးကို အချိန်နှင့် တစ်ပြေးညီ ပြန်လည်ရရှိကြမှာဖြစ်ပါတယ်။ ထို့အတူ တောင်သူများရဲ့သီးနှံအာမခံထားရှိတဲ့ ငွေကြေးဟာ တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းစေမှာဖြစ်သလို တောင်သူတွေအတွက်လည်း ငွေကြေး အခက်အခဲကို ကူညီဖြေရှင်းပေးရာ ရောက်နိုင်မှာဖြစ်ပါတယ်။ အဲဒီအခါမှာ သွင်းအားစုများ ပိုမိုသုံးစွဲ

နိုင်ကာ သီးနှံထုတ်လုပ်မှုအတွက် ပိုမိုအကျိုးရှိလာမှာဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်က တတ်နိုင်သမျှပံ့ပိုးကူညီမှုများ လုပ်ဆောင်ပေးနေတာကိုလည်း မြင်တွေ့ရပါတယ်။ မြန်မာနိုင်ငံမှာ သီးနှံအာမခံစနစ်ပေါ်ပေါက်ရေးအတွက် ရှေ့ပြေး(Pilot)စီမံကိန်းအဖြစ် ဓနုဖြူ၊ ရွှေဘို၊ ပြည်နှင့် ရွှေတောင်မြို့များမှာ စမ်းသပ်လုပ်ကိုင်နေကြောင်းလည်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရှိ စိုက်ပျိုးရေးကဏ္ဍမှာ သီးနှံအာမခံထားခြင်းလုပ်ငန်းဟာ အခြားလုပ်ငန်းများနှင့် နှိုင်းယှဉ်ပါက နောက်ကျကျန်ရစ်နေသော လုပ်ငန်းတစ်ခုဖြစ်နေတာ တွေ့ရှိရပါတယ်။ အိမ်နီးချင်းတိုင်းပြည်များဖြစ်တဲ့ ထိုင်း၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ တရုတ်၊ အိန္ဒိယစတဲ့ နိုင်ငံများမှာလည်း နည်းစနစ်အမျိုးမျိုးနဲ့ သီးနှံအာမခံလုပ်ငန်းများကို အောင်မြင်စွာလုပ်ကိုင်နေကြကြောင်း လေ့လာသိရှိရပါတယ်။ သီးနှံအာမခံလုပ်ငန်းကို ဖော်ဆောင်တဲ့နိုင်ငံများကို လေ့လာတဲ့အခါမှာ အစိုးရသီးနှံအာမခံလုပ်ငန်း၊ ပုဂ္ဂလိကသီးနှံအာမခံလုပ်ငန်း၊ အစိုးရနှင့် ပုဂ္ဂလိကသီးနှံအာမခံလုပ်ငန်းဆိုပြီး အမျိုးမျိုးရှိကြပါတယ်။ အာမခံလုပ်ငန်းစနစ်အသီးသီးဟာ အားနည်းချက်၊ အားသာချက်များရှိနိုင်ပြီး ကိုယ့်နိုင်ငံနှင့် ကိုက်ညီတဲ့စနစ်မျိုးကို ရွေးချယ်ရန် လိုအပ်လှပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ သီးနှံအာမခံစနစ်ကို တည်ထောင်နိုင်မယ်ဆိုရင် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးတို့ကို များစွာအထောက်အပံ့ဖြစ်စေမှာဖြစ်ပြီး တိုင်းပြည်အတွက် အကျိုးရှိစေမှာဖြစ်ပါတယ်။ ဒါပေမဲ့ သီးနှံအာမခံလုပ်ငန်းဆိုတာ တောင်သူများက သီးနှံအတွက် ကြိုတင်ပြီး သီးနှံအာမခံကြေးပေးသွင်းရတဲ့အတွက် သီးနှံအာမခံကြေးပေးသွင်းခြင်း တာဝန်ကိုတောင်သူများအနေနဲ့ အခက်အခဲတစ်ခုအဖြစ် ရှုမြင်လာနိုင်ပါတယ်။

ဒါကြောင့်မို့ သီးနှံအာမခံထားရှိခြင်းဖြင့် ရရှိလာမယ့်အကျိုးကျေးဇူးများကို တောင်သူများ ပိုမိုလက်ခံသဘောပေါက်လာစေရန် အသိပညာပေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန်လည်း လိုအပ်လှပါတယ်။ နောက်ဆုံးအနေနဲ့ ပြောလိုတာကတော့ တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေရဲ့ အခန်း(၅) ပုဒ်မ ၁၇ ပုဒ်မခွဲ(က)မှာ ဘယ်လိုဖော်ပြထားသလဲဆိုရင် ဦးဆောင်အဖွဲ့သည် သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ ဆားငန်ရေဝင်ရောက်၍သော်လည်းကောင်း၊ ပိုးမွှားကျရောက်မှုနှင့် အခြားသောအကြောင်းကြောင်းများကြောင့်သော်လည်းကောင်း တောင်သူလယ်သမားများ၏လယ်ယာမြေများ၊ လယ်ယာထုတ်ကုန်များနှင့် လယ်ယာကုန်ထုတ်အရင်းအနှီးများ ပျက်စီးဆုံးရှုံးလျှင် ယင်းတောင်သူလယ်သမားများအတွက် လိုအပ်သော အကူအညီများနှင့်

အထောက်အပံ့များရရှိစေရန် စီစဉ်ဆောင်ရွက်ရမည်ဟု ဥပဒေမှာ ခိုင်ခိုင်မာမာဖော်ပြထားပြီးဖြစ်တဲ့ အတွက် နိုင်ငံတော်အစိုးရနှင့် ပုဂ္ဂလိကတို့က အကျိုးတူပူးပေါင်းကာ သီးနှံအာမခံထားခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် လိုပါတော့တယ်။ ဒါကြောင့် ခေတ်အဆက်ဆက် ကျေးဇူးရှင်တောင်သူဦးကြီးများလို့ ခေါ်ဝေါ်သုံးစွဲခဲ့တဲ့တောင်သူများကို ကျေးဇူးဆပ်ကူညီရာရောက်တဲ့၊ တိုင်းပြည်ရဲ့အကျိုးစီးပွားအတွက် အကျိုးရှိစေမယ့်လုပ်ငန်းဖြစ်တဲ့ ဦးမျိုးဇော်ဦး၊ လယ်ဝေးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ သီးနှံအာမခံထားခြင်းအဆိုကို လေးလေးနက်နက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစောသလေးစော(ရွှေကျင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောသလေးစော ဖြစ်ပြီးတော့မှ လယ်ဝေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဇော်ဦးရဲ့အဆိုကို အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အာမခံစနစ်ဆိုတာ လူတို့ရဲ့အသက်အိုးအိမ် စည်းစိမ်ဆုံးရှုံးခြင်းအတွက် ငွေကြေးအရ အကွာအကွယ်ပေးဖို့အတွက်ကို အစိုးရကဖော်ဆောင်ရတဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ မြန်မာ့အာမခံဥပဒေအရ အာမခံအမျိုးအစားများစွာရှိတဲ့အနက်မှာမှ ပြည်သူများရဲ့ လူမှုစီးပွားဘဝကို ကာကွယ်စောင့်ရှောက်ဖို့အတွက် ပြည်သူ့ဝန်ထမ်းတိုင်း အာမခံ ပေါ်လစီတစ်စောင်ရှိရမယ်ဆိုတဲ့ အသက်အာမခံ စက်တပ်ယာဉ်တိုင်း မထားမနေရထားရမယ်ဆိုတဲ့ သူတစ်ပါးထိခိုက်မှုအာမခံ၊ အထွေထွေနစ်နာဆုံးရှုံးမှုပေးလျော်ရန်အာမခံဆိုပြီးတော့မှ မထားမနေရကို အစိုးရကဥပဒေပြဋ္ဌာန်းထားပါတယ်။ မြန်မာနိုင်ငံရဲ့စိုက်ပျိုးရေးကဏ္ဍဟာ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထိကအထောက်အပံ့ပေးတဲ့အခန်းကဏ္ဍက ပါဝင်ပါတယ်။ မြန်မာနိုင်ငံဟာ လယ်ယာစိုက်ပျိုးရေးကိုအခြေခံတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တယ်ဆိုတာ လူတိုင်းသိကြရပါတယ်။ စိုက်ပျိုးရေးနဲ့ပတ်သက်ပြီး အချက်အလက်အချို့ကို ထုတ်နုတ်တင်ပြရရင် စိုက်ပျိုးရေးလုပ်ငန်းရဲ့ထုတ်ကုန်ပမာဏ GDP ရဲ့ ၂၃ ရာခိုင်နှုန်းပါဝင်တာက ဒီစိုက်ပျိုးရေးကဏ္ဍဖြစ်ပါတယ်။ နောက် ပို့ကုန်လုပ်ငန်းဝင်ငွေအားလုံးရဲ့ ၂၀ ရာခိုင်နှုန်းဟာလည်း ဒီစိုက်ပျိုးရေးကဏ္ဍပါပဲ။ ဒါ့အပြင် ကျွန်တော်တို့ လယ်ယာကဏ္ဍမှာအလုပ်လုပ်ကိုင်နေကြရသူတွေရဲ့ လုပ်သားဦးရေဟာ ၆၁.၂ ရာခိုင်နှုန်းက ကျွန်တော်တို့

လယ်သမားတွေဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလောက်နိုင်ငံအတွက် အရေးကြီးတဲ့ စိုက်ပျိုးရေး ကဏ္ဍဟာ ရေကြီးတဲ့ဒဏ်တွေ၊ မုန်တိုင်းကျတဲ့ဒဏ်တွေ၊ မိုးခေါင်တဲ့ဒဏ် စတဲ့ဘေးအန္တရာယ်တွေ မကြာခဏ ကြုံတွေ့နေရတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ တောင်သူလယ်သမားများအတွက် သီးနှံ အာမခံ သို့မဟုတ် စိုက်ပျိုးရေးအာမခံဆိုတာမျိုးဟာ အထက်ကအာမခံအမျိုးအစားတွေလိုပဲ မဖြစ်မနေထားသင့်တဲ့ အာမခံအမျိုးအစားဖြစ်ပါတယ်။ ဒါပေမဲ့ ဒီအာမခံအမျိုးအစားဟာ လွန်စွာမှ ကျယ်ပြန့်ပြီး လွန်စွာမှထိလွယ်ရှလွယ်တဲ့အာမခံအမျိုးအစားဖြစ်တာကြောင့် အချိန်ယူ စနစ်တကျ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် Insurance Sector တစ်ခုတည်းနဲ့ လုပ်လို့ရနိုင်တဲ့ အာမခံအမျိုးအစား မဟုတ်ပါဘူး။ အစိုးရကလည်း တာဝန်ယူထောက်ပံ့ပေးရမယ့်အပိုင်းရှိသလို စိုက်ပျိုးရေးဌာန၊ မိုးလေဝသနှင့် ဇလဗေဒဌာန၊ ငွေရေးကြေးရေးနှင့်သက်ဆိုင်သောဌာနများအားလုံး ပူးပေါင်းဆောင်ရွက်ရမယ့် အနေ အထားမျိုးလည်းရှိပါတယ်။

ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သီးနှံအာမခံဆိုတာ မရှိမဖြစ်လိုအပ်တဲ့ အာမခံအမျိုးအစားဖြစ်တယ် ဆိုတာ အထက်မှာကျွန်တော်တင်ပြခဲ့ပြီးပါပြီ။ တကယ်လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက် မယ်ဆိုလျှင်လည်း လယ်သမားအများစုကို အကျိုးပြုမှာမှန်ပါတယ်။ တကယ်လည်း အကျိုးပြုမှာပါ။ ဒါပေမဲ့ ဘယ်လိုစိန်ခေါ်မှုတွေကြုံတွေ့နိုင်သလဲ။ ဘယ်လိုပြဿနာတွေကြုံတွေ့နိုင်သလဲ။ ဘာတွေကို လေ့လာပြင်ဆင်ထားဖို့လိုသလဲ။ ဘယ်နိုင်ငံကအတွေ့အကြုံတွေကို ကျွန်တော်တို့ နမူနာယူဖို့လိုသလဲ ဆိုတဲ့အချက်တွေကို ဦးစွာလေ့လာသုံးသပ်ဖို့လိုပါတယ်။ Workshop on Agriculture Insurance in Myanmar ကို ကျွန်တော်တို့ မန္တလေးမြို့မှာအခြေစိုက်တဲ့ အိန္ဒိယနိုင်ငံကောင်စစ်ဝန်ရုံးနဲ့ မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ပူးပေါင်းပြီး တော့မှ ၂၂-၃-၂၀၁၆ ရက်နေ့မှာ Grand Amara Hotel နေပြည်တော်မှာ ကျင်းပခဲ့ပါတယ်။ သီးနှံ အာမခံ Model တစ်ခုတည်ဆောက်ဖို့အတွက် လက်ရှိရထားတဲ့ ကိန်းဂဏန်းအချက်အလက်တွေဟာ မပြည့်စုံးသေးဘူး။ တိကျခိုင်မာမှုလည်းမရှိဘူး။ ဒီအခြေအနေတွေကိုလေ့လာပြီးတဲ့နောက် မြန်မာနိုင်ငံ မှာ လတ်တလော အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့်သီးနှံအာမခံဆိုတာ Index Base Weather Insurance အမျိုးအစားပဲလုပ်ဖို့ ဖြစ်နိုင်ခြေရှိတယ်လို့ ပညာရှင်တွေက ယူဆကြပါတယ်။

Index Base Weather Insurance ဆိုတာက ပြည်နယ်တိုင်းဒေသကြီးတစ်ခုရဲ့ သို့မဟုတ် ဒေသတစ်ခုရဲ့ မိုးကြီးခြင်း၊ မိုးခေါင်ခြင်း၊ လေမုန်တိုင်းကျခြင်း၊ ရေကြီးခြင်းစတဲ့ နှစ်စဉ်ဖြစ်နေကျ မိုးလေဝသကိန်း ဂဏန်းအချက်အလက်များကို စာရင်းကောက်ပြီး ရာသီဥတုဖောက်ပြန်မှုကြောင့်

လယ်ယာသီးနှံစိုက်ပျိုးရေးလုပ်ငန်း ထိခိုက်ဆုံးရှုံးမှုရှိခဲ့မယ်ဆိုရင် ပျက်စီးဆုံးရှုံးတဲ့အတိုင်းအတာအတိုင်း လျော်ကြေးပေးရတာမျိုးကို ဆိုလိုပါတယ်။ ရာသီဥတုပုံမှန်ဟုတ်/မဟုတ်ဆိုတဲ့အချက်ကိုလည်း ဂြိုလ်တုနဲ့ ဒါမှမဟုတ် ဒရုန်းများကပေးပို့တဲ့အညွှန်းကိန်းများနဲ့ ကိုက်ညှိပြီး ဆုံးဖြတ်လို့ရနိုင်ပါတယ်။ လျော်ကြေးကိုလည်း လျင်လျင်မြန်မြန် ကျွန်တော်တို့တွက်ချက်ပေးလို့ရနိုင်ပါတယ်။ ဥပမာအားဖြင့် ဒေသတစ်ခုမှာ အညွှန်းကိန်းများအရ နှစ်စဉ်ပုံမှန် မိုးရေချိန်လက်မ ၃၀ ရွာတယ်ဆိုပါစို့။ အကယ်၍ ဒီနှစ်မှာတော့ လက်မ ၂၀ သာမိုးရွာတယ်ဆိုလို့ရှိရင် ပုံမှန်ရွာသွန်းခြင်းမဟုတ်တဲ့အတွက် စိုက်ပျိုးသီးနှံတွေကို ထိခိုက်နိုင်ပါတယ်။ အလားတူပဲ လက်မ ၄၀ မိုးရွာမယ်ဆိုလျှင်လည်း တချို့သီးနှံတွေဟာ မိုးကြီးလို့ ပျက်စီးနိုင်ပါတယ်။ ဒီလိုအချိန်မျိုးမှာ ဒီအာမခံစနစ်က လယ်သမားတွေကို လျော်ကြေးပေးဖို့ဖြစ်ပါတယ်။ Power Point မှာတင်ပြထားတာကတော့ Index Base Weather Insurance Model မှာ တည်ဆောက်ဖို့အတွက် အဓိကပါရမယ့်အခြေခံအချက်အလက်များကို နမူနာအနေနဲ့ ဖော်ပြထားတာဖြစ်ပါတယ်။ (၁)မှာဆိုလို့ရှိရင် ဘယ်လိုသီးနှံမျိုးကို ကျွန်တော်တို့အာမခံထားမှာလဲ။ (၂)ဆိုရင် ဘယ်လိုအကာအကွယ်မျိုးကိုလဲ။ ရေကြီးခြင်းကိုလား။ အပူချိန်များခြင်းကိုလား။ (၃)အညွှန်းကိန်း ဘယ်လိုအခြေအနေမျိုးမှာရေကြီးပြီးတော့မှ မိုးရေချိန်ဘယ်လောက်မှာရေကြီးတာလဲ။ အပူချိန်ဘယ်လောက်မှာ အပူချိန်မြင့်တယ်လို့ ကျွန်တော်တို့ပြောမှာလဲ။ (၄) Premium အာမခံကြေးက ကျွန်တော်တို့ ထည့်ဝင်တဲ့သူတစ်ယောက်စီတိုင်းကို ဘယ်လောက်ထည့်ဝင်ကြမှာလဲ။ (၅)စီမံကိန်းကို ဘယ်ဌာနကဦးဆောင်မှာလဲ။ စိုက်ပျိုးရေးဝန်ကြီးဌာနကဦးဆောင်မှာလား။ ဘယ်ဌာနကဦးဆောင်မှာလဲ။ (၆) အကျိုးခံစားခွင့်ရရှိသူတွေ ဒီ Premium ကြေးသွင်းတဲ့သူကပဲ အကျိုးခံစားရမှာလား။ ဒါမှမဟုတ်လို့ရှိရင် သူ့ရဲ့အမွေဆက်ခံပိုင်ခွင့်ရှိတဲ့သူတွေကရော ခံစားဖို့လိုပါသလား။ (၇) လက်ခံတဲ့ဌာန၊ အဖွဲ့အစည်း ဘယ်ဌာနကနေပြီးတော့ ဦးစီးဦးဆောင်လက်ခံပြီးတော့ Premium ကြေးတွေ ကောက်ပြီးတော့မှ သုံးမှာလဲ။ လျော်ပေးမှာလဲ။ (၈)အနေနဲ့ ရည်ညွှန်းရမယ့်ကိန်းဂဏန်း ဘယ်ပုဂ္ဂိုလ် အဖွဲ့အစည်းတွေ မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာနကယူမှာလား။ ဘယ်အဖွဲ့အစည်းကနေ ယူမှာလဲ။ (၉)ကြီးကြပ်ကွပ်ကဲရမယ့်အဖွဲ့အစည်း မြန်မာ့အာမခံလုပ်ငန်းကနေ ကြီးကြပ်ကွပ်ကဲမှာလား။ ဘယ်ဌာနက ကြီးကြပ်ကွပ်ကဲမှာလဲ။ (၁၀)အနေနဲ့ အာမခံထားရှိရမယ့် လယ်သမားအရေအတွက် ဘယ်လောက်ရှိတယ်ဆိုတာလဲ ကျွန်တော်တို့ တွက်ချက်သတ်မှတ်ထားဖို့ လိုအပ်ပါကြောင်းကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ အထက်ပါအချက်အလက်များ၊ အညွှန်းကိန်းများကို လေ့လာကြည့်ခြင်းအားဖြင့် သီးနှံအာမခံစနစ်ဟာ မဖြစ်မနေကို အကောင်အထည်ဖော်ဆောင်ရွက်ပေးဖို့ လိုအပ်တဲ့

အရာဖြစ်ပါတယ်။ သို့သော်ငြားလည်းပဲ ကျွန်တော်တို့ ကိုးကားစရာ အညွှန်းကိန်းတွေ၊ လုပ်ဆောင်ရမယ့်အခင်းအကျင်းတွေကို ကနဦးဖော်ဆောင်ပေးဖို့ လိုအပ်နေသေးတာကိုလည်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ လယ်ဝေးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးရဲ့အဆိုကို ကျွန်တော်အကြံပြုထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်း(ကျောင်းကုန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ အပြုသဘောနဲ့ သုံးသပ်အကြံပြုသွားမှာဖြစ်ပါတယ်။ ဒီအဆိုဟာ သဘာဝဘေးအန္တရာယ်များနဲ့ အင်းဆက်ပိုးမွှားများကြောင့် နစ်နာဆုံးရှုံးကြတဲ့တောင်သူလယ်သမားများအတွက် အာမခံချက်ရရှိအောင် စေတနာကောင်းနဲ့တင်သွင်းတဲ့ အဆိုကောင်းတစ်ခုဖြစ်ပါတယ်။ တောင်သူလယ်သမားများရဲ့ အချိန်၊ လုပ်အား၊ ငွေကြေးစိုက်ထုတ်မှုများ နစ်နာဆုံးရှုံးမှုများမရှိအောင် အာမခံမှုစနစ်ထားရှိရန် အဆိုဖြစ်တဲ့အတွက်ကြောင့် တောင်သူလယ်သမားများရဲ့ကိုယ်စား အထူးဝမ်းသာမိကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးဟာ မြစ်ဝကျွန်းပေါ်ဒေသဖြစ်တာနဲ့အညီ သဘာဝဘေးဖြစ်တဲ့ မြစ်ရေကြီးမှုကို နှစ်စဉ် လိုလိုပဲ ခံစားကြရပါတယ်။ ရုံဖန်ရံခါမဟုတ်ဘဲနဲ့ ဒီဘက်နှစ်တွေပိုင်းမှာ ဆက်တိုက်ဆိုသလိုပဲ တောင်သူလယ်သမားများ အမြဲဒုက္ခရောက်ကြရပါတယ်။ မြန်မာနိုင်ငံရဲ့ရာသီဥတုဟာ တစ်နှစ်ထက်တစ်နှစ် ပိုမိုဆိုးရွားလာစေပြီးတော့ မုတ်သုံလေနောက်ကျမှဝင်ခြင်း၊ မုတ်သုံလေစောပြီးတော့ထွက်ခြင်း၊ လေပြင်းမုန်တိုင်းတွေကျရောက်ခြင်း၊ ယခင်ကမိုးရာသီမှာ ရက်ပေါင်း ၁၄၅ ရက်ခန့် မိုးရွာသော်လည်းပဲ နောက်ပိုင်းတွေမှာ ၁ဝ၅ ရက်ခန့်သာရွာတဲ့အတွက်ကြောင့် ရက်ပေါင်း ၄ဝ ခန့်လျော့ပါးလာခြင်း၊ ရေကြီးမှုများဆက်တိုက်ဖြစ်ပေါ်လာခြင်းတို့ကြောင့် စိုက်ပျိုးရေးကိုအဓိကအသက်မွေဝမ်းကျောင်းပြုနေရတဲ့ တောင်သူလယ်သမားများအဖို့ နှစ်စဉ်လိုလို ရာသီဥတုဒဏ်ခံစားရပြီးတော့ သီးနှံများပျက်စီးခြင်း၊ အရည်အသွေးမမှီခြင်းတို့ကို ဖြစ်ပေါ်စေပါတယ်။ ၂ဝ၁၆ ခုနှစ် ဧပြီလ အတွင်းမှာလည်း မိုးသီးကြွေကျတာတို့၊ လေပြင်းတိုက်ခတ်တာတို့၊ ရေကြီးတာတို့ စစ်ကိုင်းတိုင်းဒေသကြီးမှာ ဒုက္ခရောက်တဲ့အတွက်ကြောင့် ဧကမြောက်မြားစွာပျက်စီးပြီးတော့ နိုင်ငံတော်အစိုးရကလည်း ပြည်ထောင်စုရန်ပုံငွေ၊ သီးသန့် ရန်ပုံငွေကနေပြီးတော့ ကျပ်သန်းပေါင်း ၁ဝဝဝ ကျော် ထောက်ပံ့ကူညီခဲ့ရပါတယ်။

အလားတူ ၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းမှာလည်း မြစ်ရေကြီးမှုဖြစ်တဲ့အတွက်ကြောင့် ဒီနှစ်မှာ ဆိုလို့ရှိရင်တော့ ပြည်ထောင်စုရန်ပုံငွေမှ ကျပ်သန်းပေါင်း ၁၁ ဘီလီယံကျော်ကျော် အသုံးပြုပြီးတော့ နောက်ထပ်သီးနှံများစိုက်ဖို့ကိုလည်း ကျပ်သန်းပေါင်း ၄၇၀၀ ကျော်ကို ပြည်ထောင်စုအစိုးရမှ ထောက်ပံ့ပြီးတော့ တောင်သူလယ်သမားများအတွက် ထောက်ပံ့ငွေများအသင့်အတင့်ရရှိတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒီတော့ လွန်ခဲ့တဲ့ ၂၀၁၅ ခုနှစ်မှာ ကြည့်မယ်ဆိုလို့ရှိရင်လည်း တစ်နိုင်ငံလုံးမှာ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခုစလုံးမှာပဲ မြစ်ရေကြီးမှုကြောင့် ဧကပေါင်းဟာ သန်းချီပြီးတော့ ၁၃၀၀၀၀၀ ခန့်လောက်ပျက်စီးပြီးတော့ ဧရာဝတီတိုင်းဒေသကြီးဆိုလို့ရှိရင်လည်း ဧကပေါင်း ၃၀၀၀၀၀ ကျော်လောက် ပျက်စီးခဲ့ပါတယ်။

အဲဒီတော့ ဒီလိုနှစ်စဉ်ခံစားနေရတဲ့ တောင်သူလယ်သမားများအတွက်ကုစားနိုင်ဖို့ဆိုတာ တစ်ခုတည်းသောနည်းလမ်းဟာ သီးနှံအာမခံကြေးပဲ ဖြစ်ပါတယ်။ အဲဒီမှာလည်း နှစ်ပိုင်းရှိပါတယ်။ ရာသီဥတုကြောင့်သီးနှံပျက်စီးမှုနှင့် အင်းဆက်ပိုးမွှားပျက်စီးမှုကြောင့် ကျွန်တော်တို့ ပျက်စီးမှုအပိုင်း နှစ်ပိုင်းတွေ့ရပါတယ်။ ဒီနှစ်ခုစလုံးကိုပဲ သီးနှံအာမခံကြေးလုပ်မှာလား။ ဒါမှမဟုတ် သီးခြားစီလုပ်မှာ လားဆိုတာလည်း တိကျဖို့လိုအပ်ပါတယ်။ သီးနှံအာမခံကြေးကို နိုင်ငံတော်ပိုင် မြန်မာ့အာမခံလုပ်ငန်း ကလုပ်မှာလား။ ပုဂ္ဂလိကနှင့်ပေါင်းစပ်ပြီးလုပ်မှာလားဆိုတာလည်း အရေးကြီးပါတယ်။ မြန်မာ့အာမခံ လုပ်ငန်းကတော့ အာမခံပေါင်း ၃၀ လောက်ရှိပြီးတော့ မြန်မာ့အာမခံဥပဒေအရ မြန်မာ့အာမခံရဲ့ ပေးရန်တာဝန်အားလုံးကိုတော့ နိုင်ငံတော်ကတာဝန်ယူရပါတယ်။ ၂၀၁၄-၂၀၁၅ ခုနှစ် ကြည့်မယ်ဆို လို့ရှိရင်လည်း လျော်ကြေးငွေစုစုပေါင်း ကျပ်သန်းပေါင်း ၃၀၀၀ ကျော်လောက်ကို ကျွန်တော်တို့ ပေးဆောင်ခဲ့ကြောင်း သိရှိရပါတယ်။ သီးနှံအာမခံစနစ် ပေါ်ပေါက်ဖို့ဆိုတာ တကယ်တမ်းကျတော့ ဥပဒေတစ်ရပ်ရှိဖို့ လိုအပ်ပါတယ်။ သီးနှံအာမခံစနစ်မရှိတဲ့အတွက် သဘာဝဘေးအန္တရာယ် ကြုံလာတဲ့အခါမှာ တောင်သူတွေအနေနဲ့ အရင်းအနှီး၊ အချိန်တွေ ဆုံးရှုံးနေရတာဖြစ်ပါတယ်။ ဒါကြောင့် သီးနှံအာမခံစနစ်ကို အကောင်အထည်ဖော်ဖို့ ၂၀၁၃ ခုနှစ်မှာ မြန်မာနိုင်ငံဆန်စပါးအသင်း ချုပ်ကနေပြီးတော့ စတင်ကြိုးပမ်းခဲ့တယ်လို့ သိရပါတယ်။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့မှာ လည်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နဲ့ ဂျပန်အာမခံကုမ္ပဏီတွေ၊ နောက်ထပ် SA လို့ဆိုတဲ့ အမေရိကန်ကနေပြီးတော့ အခြေစိုက်တဲ့အဖွဲ့တွေကလည်း ဇူလိုင်လထဲမှာနှစ်ဦးနှစ်ဖက် နားလည်မှု စာချွန်လွှာတွေ လက်မှတ်ရေးထိုးပြီးတော့ ယမန်နှစ်ကစပြီးတော့ ခရုဖြူမြို့နယ်မှာ ကစ္စနကျွန်းသာ ကုမ္ပဏီနဲ့ ပြည်၊ ရွှေတောင်၊ ရွှေဘိုမြို့တို့မှာ ခေတ္တရာဟာသ်ာကုမ္ပဏီတို့က စမ်းသပ်ပြီးတော့

ဆောင်ရွက်နေတယ်လို့လည်း သိရှိရပါတယ်။ အဲဒီတော့ တကယ်တမ်းသီးနှံအာမခံစနစ်ဆောင်ရွက်မယ်ဆိုရင် သွင်းရမည့်အာမခံငွေက တောင်သူတွေငွေကြေးတင်စိုက်ထုတ်ပေးရမည့် ပွဲစားတွေ၊ ကုန်သည်တွေအတွက် သင့်တင့်ပြီးတော့ ဝန်မလေးနိုင်တဲ့ ပမာဏဖြစ်ဖို့လိုအပ်ပါတယ်။ နောက်သီးနှံအာမခံစနစ်ကလိုပေမဲ့ အာမခံကြေးက တောင်သူလယ်သမားများထားနိုင်တဲ့နှုန်းမျိုး ဖြစ်ဖို့လိုအပ်ပါတယ်။ အာမခံဝယ်ယူမည့်နှုန်းထားက စိုက်ပျိုးစရိတ်ချေးငွေရဲ့ရာခိုင်နှုန်းကို ယူမှာလား။ ဒါမှမဟုတ်လို့ရှိရင် စိုက်ပျိုးကုန်ကျစရိတ်ရဲ့ရာခိုင်နှုန်းပေါ် မူတည်မှာလား၊ သီးနှံပျက်စီးခဲ့ရင် သီးနှံကုန်ကျစရိတ်ကိုပဲ လျော်မှာလား။ ဒါမှမဟုတ်ရင် တစ်ဧကရဲ့ထွက်နှုန်းကိုပဲ တန်ဖိုးငွေသင့်ပြီးလျော်မှာလားဆိုတဲ့ဟာလည်း စဉ်းစားဖို့လိုအပ်ပါတယ်။ သီးနှံအာမခံစနစ်ကို တောင်သူများသိရှိဖို့က တစ်နိုင်ငံလုံးကျယ်ကျယ်ပြန့်ပြန့်သိရှိဖို့၊ ပညာပေးဖို့လည်း လိုအပ်ပါတယ်။ ယခင်က ကျွဲ၊ နွားအာမခံတွေရှိတယ်။ သို့သော်လည်းပဲ အရှုံးပေါ်တဲ့အခါမှာ ဖျက်လိုက်သလိုပဲ ယခု သီးနှံအာမခံစနစ်ကို ခိုင်မာအောင်၊ ပေးလျော်နိုင်အောင်၊ နိုင်ငံတော်ပိုင်းက၊ ကုမ္ပဏီပိုင်းက၊ အဖွဲ့အစည်းများက တာဝန်ခံမှုရှိ/မရှိဆိုတဲ့အချက်ကလည်း စဉ်းစားရမှာဖြစ်ပါတယ်။ အစိုးရ ဒါမှမဟုတ် ကုမ္ပဏီများက တာဝန်ခံမှုရှိမှသာ တောင်သူလယ်သမားများအနေနဲ့ ရဲရဲဝံ့ဝံ့ အာမခံနိုင်ပြီးတော့ လက်ရှိရင်ဆိုင်နေရတဲ့ ဒုက္ခများဟာ ကင်းဝေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မြန်မာ့လယ်ယာကဏ္ဍကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ ဝင်ရောက်နိုင်ဖို့အတွက်နဲ့ တောင်သူလယ်သမားများအတွက်သာ သဘာဝဘေးနဲ့ အင်းဆက်ပိုးမွှားတို့ရဲ့ ဘေးအန္တရာယ်ကြောင့် ဆုံးရှုံးနစ်နာမှုများကို အာမခံချက်ရှိစေမည့် သီးနှံအာမခံစနစ်ကို ဖော်ဆောင်နိုင်ဖို့ဆိုရင် ယခုအဆိုကိုအတည်ပြုပြီး အဆိုရှင်တိုက်တွန်းသလို ဆောလျင်စွာအကောင်အထည်ဖော်ဆောင်ရွက်ဖို့ဆိုတာ မသင့်ကြောင်းနှင့် ဆောလျင်စွာဆောင်ရွက်မည်ဆိုပါက တောင်သူလယ်သမားများအတွက် နစ်နာဆုံးရှုံးမှုများကြုံတွေ့လာနိုင်တဲ့အတွက်ကြောင့် တောင်သူလယ်သမားများကိုလည်း ဆေးအတွက်ပိုလေးမည်ကိုလည်း စိုးရိမ်မိပါတယ်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အပိုင်းက တောင်သူလယ်သမားများရဲ့ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် သီးနှံပျက်စီးမှုများအတွက် ငွေကြေးဆုံးရှုံးမှုများကို အကာအကွယ်ပေးနိုင်ဖို့အတွက် ခိုင်မာတဲ့သီးနှံအာမခံဥပဒေ၊ နည်းဥပဒေကိုရေးဆွဲပြီးတော့ တောင်သူလယ်သမားတွေသိရှိဖို့အတွက် ကျယ်ကျယ်ပြန့်ပြန့်အသိပေးပြီးမှသာ အချိန်ယူဆောင်ရွက်ပေးသင့်ကြောင်း သုံးသပ်အကြံပြုတင်ပြအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆွေးနွေးရန်ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များနဲ့ အစီအစဉ် ၁၁ ကို ၂၁-၆-၂၀၁၇ ရက်နေ့(ဗုဒ္ဓဟူး)နေ့မှာ ဆက်လက် ဆောင်ရွက်ပါမယ်။

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၈)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၁ ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၁း၁၀ နာရီ အချိန်တွင် ရပ်နားပါသည်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၁၇) ရက်မြောက်နေ့
# (၁၉.၆.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
# ပုဂ္ဂိုလ်များ



ဦးသန်းအောင်
(ငပုတော မဲဆန္ဒနယ်)



ဦးအေးနိုင်
[ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်]



ဦးမြင့်သိန်း
(ဝက်လက် မဲဆန္ဒနယ်)



ဦးမောင်မောင်
(ထီးချိုင့် မဲဆန္ဒနယ်)



ဦးလှကျော် (ဒုဝန်ကြီး)
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း
ဝန်ကြီးဌာန

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်